မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၉၈)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္ဂနွေနေ့။

ထူးခြားသည့် ညအပူချိန်များ

၅-၁-၂၀၁၃

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်

သာယာမည်

၆-၁-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နားလည်မှု၊ ယုံကြည်မှုနှင့် စာနာမှုတို့ဖြင့် ထာဝရငြိမ်းချမ်းသည့်လူ့ဘောင်တစ်ရပ် လက်တွဲပူးပေါင်းထူထောင်

နိုင်ငံရေးအဆင့်ဆွေးနွေးရာတွင် တိုင်းရင်းသားကိုယ်စားလှယ်အားလုံး ပါဝင်သည့် လွှတ်တော်သည် ဆွေးနွေးရန်အကောင်းဆုံးနေရာဖြစ်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် စက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက၅၀၀ စိုက်ခင်းရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးခင်ရီ၊ မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (Myanmar Peace Center)မှ ပညာရှင်များနှင့်ငြိမ်းချမ်းရေး အကျိုးဆောင်များ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့်အတူ အထွေထွေအတွင်းရေးမှူးချုပ် ဖဒိုစောကွယ်ထူးဝင်း၊ အတွင်းရေးမှူး(၂) ဖဒိုစောမန်းမန်း၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဖဒိုစောရော်ဂျာခင်၊ ဖဒိုမန်းညိမ်းမောင်နှင့် ဖဒိုစောလှထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအား နှစ်သစ်ကူးလက်ဆောင်အဖြစ် ကရင်အမျိုးသားဝတ်စုံကို ဝတ်ဆင်ပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန် ဂျပန်နိုင်ငံက အကူအညီများပေးမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုကြောင့် နိုင်ငံတကာနှင့် ရင်းနှီးစွာ ထိတွေ့ဆက်ဆံမှုများ တိုးမြင့်လာရာ ဂျပန်နိုင်ငံက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ထောက်ပံ့ပေးသွားမည် ဖြစ်သည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“သီလဝါအထူးစီးပွားရေးဇုန် တိုးတက်ဖွံ့ဖြိုးဖို့အတွက် ဂျပန်နိုင်ငံက ငွေကြေး အကူအညီပေးဖို့ ရှိတယ်။ နောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေလည်း ပြုလုပ်ဖို့စီစဉ်နေပါတယ်။ ဒါက ငွေလုံးငွေရင်းနဲ့ ငွေကြေးထောက်ပံ့ ကူညီပေးမှာဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်ဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဂျပန်နိုင်ငံက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေကလည်း သီလဝါ အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ စိတ်ဝင်စားနေကြတယ်”ဟု ၎င်းက ပြောကြားသည်။

သီလဝါ အထူးစီးပွားရေးဇုန်သည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် တည်ရှိပြီး

သတင်းမှတ်စု - အာကာဟိန်း
ဓာတ်ပုံ - ကေဇင်လင်း

အကျယ်အဝန်းမြေဟက်တာ ၂၄၀၀ ခန့်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေအသစ်များ ထုတ်ချေးသွားမည်ဖြစ်သည်။ထိုသို့ ငွေကြေးထုတ်ချေးရာတွင် ဂျပန်ယန်းငွေ ဘီလီယံ ၅၀ ခန့်ကို *စာမျက်နှာ ၉ ကော်လံ ၁* ▲

ယနေ့ မာတိကာ

ယခုနှစ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၄ ဘီလီယံရရှိရေး ဗီယက်နမ်ကြိုးစားမည်	စာ - ၄
ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်	စာ - ၇
တိုက်စစ်မှူးရွှန်းနေ လီဗာပူးနှင့်ပွဲ လွဲမည်	စာ - ၁၂
၂၀၁၃ ခုနှစ်မှာ မက်ဆီ ဂိုးပေါင်း ၁၀၀ကျော် သွင်းယူနိုင်ပါ့မလား	စာ - ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တစ်နှစ်သည် ကုန်ဆုံးရန်နီးလာသကဲ့သို့ ကျောင်းသားကျောင်းသူတို့၏ အတန်းတင်စာမေးပွဲများသည်လည်း တဖြည်းဖြည်းနီးကပ်လာချေပြီ။ တစ်နှစ်တစ်တန်း မလွတ်စတမ်း အောင်ပန်းဆွတ်ခူးနိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးစားနေကြပေပြီ။ တစ်နှစ်တည်းဟူသော ပညာသင်နှစ်တစ်ခုအတွင်း ချောမောအောင်မြင်စွာပြီးဆုံးရန် အရေးကြီးပေသည်။

ကျောင်းသားကျောင်းသူတိုင်း ချောမောအောင်မြင်စွာ ပညာသင်နှစ်တစ်နှစ်ကို အဆုံးသတ်ကြရမည်ဆိုရာ၌ အတန်းတင်စာမေးပွဲကြီးတွင် ကောင်းမွန်စွာဖြေဆိုကြလျက် အမှတ်ကောင်းကောင်းဖြင့်အောင်မြင်ရန်ပင်ဖြစ်သည်။ ထိုသို့အောင်မြင်ရန်ကား သာမန်ကြိုးစားအားထုတ်ရုံမျှဖြင့် လုံလောက်လိမ့်မည်မဟုတ်ပေ။ စာကျက်ချိန်များများပေးပြီး ပျော်ပါးချိန်များလျှော့ရတော့မည်။ ကျောင်းသား ကျောင်းသူတစ်ဦးတစ်ယောက်သည် အတန်းတင်စာမေးပွဲကြီးတွင် ကောင်းမွန်စွာဖြေဆိုနိုင်ရေးအတွက် ဤအချိန်သည် အရေးအကြီးဆုံးအချိန်ဖြစ်သည်။ လာမည့်နှစ်လသုံးလအတွင်း ဖြေဆိုမည့်အတန်းတင်စာမေးပွဲကြီးအတွက် ယခုကတည်းက ပြင်ဆင်ထားကြရတော့မည်။

ယနေ့ခေတ်ပညာရေးလောကတွင် ပေါ်ပေါက်လာသော ပုဂ္ဂလိကစာသင်ကျောင်းများ၊ စာကျက်ဝိုင်းများ၊ စခန်းသွင်းလေ့ကျင့်ရေးစခန်းများ၌ ကျောင်းသား ကျောင်းသူများ အောင်ချက်ကောင်းရခြင်းသည်ကား အခြားမဟုတ်၊ “ပွဲမဝင်ခင် အပြင်က ကျင်းပ” ဆိုသည့်စကားအတိုင်း အကြိမ်ကြိမ်ကျက်မှတ်ခြင်း၊ အကြိမ်ကြိမ်တွက်ချက်ခြင်းနှင့် အကြိမ်ကြိမ်ဖြေဆိုခြင်းတို့ကြောင့်ပင်ဖြစ်သည်။“စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့” ဟူ၍ ကဝိအကျော် ရှင်မဟာရဋ္ဌသာရဆိုခဲ့သည့်အတိုင်း စာတိုင်းကိုကျေကျေညက်ညက် ကျက်မှတ် တွက်ချက်ထားခြင်းဖြင့် စာမေးပွဲတွင် ကောင်းစွာဖြေဆိုနိုင်ကြမည်ဖြစ်သည်။

မိမိတို့၏သားသမီးများ ကောင်းမွန်စွာပညာသင် ကြားနိုင်ရန် ထောက်ပံ့ဖြည့်ဆည်းပေးရေးသည် မိဘတို့၏တာဝန်ဖြစ်ပါသည်။ တစ်နှစ်တစ်တန်း မလွတ်တမ်းအောင်ပန်း ဆွတ်ခူးနိုင်ရေးသည် ကျောင်းသားကျောင်းသူများ၏ တာဝန်ဖြစ်သည်။ မိဘများအပိုင်းက တာဝန်ကျေလျှင် သားသမီးများ အပိုင်းကလည်း တာဝန်ကျေရပါမည်။ စာမေးပွဲကို ကောင်းစွာ အောင်မြင်နိုင်စေရန်ကြိုးစားကြရပါမည်။ သို့မှသာ မိဘတို့၏ကျေးဇူးကို တုံ့ပြန်ရာရောက်ပါသည်။ မည်သည့်အရာမဆို သာမန်အားထုတ်မှုဖြင့် အောင်မြင်မှုမရနိုင်ဘဲ ပြင်းပြင်းထန်ထန်ကြိုးစားအားထုတ်ပါမှ အောင်မြင်မှု ကြီးကြီးမားမားရနိုင်ပေမည်။ “ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်” ဟူသောစကားပုံအတိုင်း အရာရာကိုလုံ့လဝီရိယအပြည့်ဖြင့် ကြိုးစားအားထုတ်မှ ဖြစ်နိုင်ပါသည်။ ။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၅

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို-၃ က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ထားသည်။ အဆိုပါ သဝဏ်လွှာ၌ (၆၅)နှစ်မြောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့်အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန် စီစဉ်နေခြင်းကြောင့် မင်္ဂလာရှိသော နှစ်တစ်နှစ်ဟုဆိုရမည်ဖြစ်ကြောင်း၊ အဆိုပါ အားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပခြင်းဖြင့်အာဆီယံဒေသတွင်းနှင့် ကမ္ဘာသို့ မြန်မာ့တန်ဖိုးကို အမှန်တကယ် ထုတ်ဖော်ပြသနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး ရှေ့သို့ အောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါ သဝဏ်လွှာ၌ (၆၅)နှစ်မြောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက် ပရယ်ဘိုရိုနစ်နိုရိုဒွန် သီဟာမိုနီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ထားသည်။

အဆိုပါ သဝဏ်လွှာ၌ (၆၅)နှစ်မြောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံတော်ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

မလေးရှားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်အဗ္ဗဒူဟာလင်မ်မူအက်ဒ်ဇမ်ရှားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါ သဝဏ်လွှာ၌ (၆၅)နှစ်မြောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ကြားသိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးခဲ့ကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် မလေးရှားနိုင်ငံက အနီးကပ်ပူးပေါင်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။ ထို့အတူ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်တွန်း အဗ္ဗဒူရာဇတ်ကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ထင်သာမြင်သာ ပြုပြင်စရာ

လွယ်သည်ကို မခက်စေလိုပါ

မြန်မာ့အလင်း သတင်းစာတွင် ဇန်နဝါရီ ၃ ရက်က ပြိုင်တူတွန်းမှ ရွေ့ပါမည် ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့ဖူးပါသည်။ အကြောင်းအရာမှာ ဇန်နဝါရီ ၁ ရက်က ပဲခူးဘူတာပါဆယ်ဌာနသည် ရထားပေါ်မှ သတင်းစာလိပ်များကို သယ်ချရာတွင် မြန်မာ့အလင်းသတင်းစာကိုယ်စားလှယ် နှစ်ဦး၏ သတင်းစာလိပ်များကို မချမိ၍ ရထားပေါ်တွင်ပါသွားသဖြင့် ထိုနေ့က ပဲခူးမြို့တွင် မြန်မာ့အလင်းသတင်းစာ မဖတ်ရှုရကြောင်း ဖြစ်ပါသည်။

ရည်ရွယ်သည်မှာ သတင်းစာဖတ်သူလက်ဝယ်သို့ သတင်းစာကို စောနိုင်သမျှစော၍ ရောက်ရှိစေရန်ဖြစ်ပါသည်။ မီးရထားတာဝန်ရှိ ဝန်ထမ်း၏ မေ့လျော့ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ရသော အမှားအယွင်းကို နောင်တွင် မဖြစ်ပွားစေရန်သာ ရည်ရွယ်ရေးသားခြင်းဖြစ်သော်လည်း သတင်းစာပါ ဆောင်းပါးကြောင့် ပဲခူးဘူတာတာဝန်ရှိဝန်ထမ်းက ငြိုငြင်ခဲ့ပါသည်။ ငြိုငြင်မှု၏ အတိုင်းအတာသည် သတင်းစာကို ပါဆယ်ခန်းမှ ဆောလျင်စွာ အလွယ်တကူ ထုတ်ယူနိုင်ရေးအတွက် အဟန့်အတားဖြစ်ခဲ့ပါသည်။ တစ်ကြိမ်တစ်ခါမျှ မကြားဖူး၊ မကြုံဖူးသော လိုက်နာဆောင်ရွက်ခြင်း မပြုလုပ်စေခဲ့သော စည်းကမ်းနှစ်ရပ်ကို လုပ်ဆောင်ခိုင်းခဲ့ပါသည်။ ညောင်ဦးကမ်းပါးပြိုသည်နှင့် စမ္ဗာနဂိုရ်က နွားမပေါင်ကျိုးတာ ဘာမှမဆိုင်ပါ။

ဘယ်ဘူတာကမှ သတင်းစာလိပ်ကို ကိုယ်စားလှယ်ကိုယ်တိုင် သွားရောက်သယ်ဆောင်လေ့မရှိပါ။ သတင်းစာပို့လုပ်သားကပင် အစဉ်အလာအရ သယ်ယူရစမြဲဖြစ်ပါသည်။ ယခုအခါ မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးကြောင့် သက်ဆိုင်ရာကိုယ်စားလှယ်က သတင်းစာလိပ်ကို ထုတ်ယူခွင့်ပြုပါရန် လွှဲစာပါမှ ထုတ်ပေးမည်ဟူသော စည်းကမ်းဖြစ်ပါသည်။ လိုအပ်လှသည်မဟုတ်သော်လည်း လိုက်နာရန်မခက်ခဲပါ။ ခက်ခဲသည်မှာ ဒုတိယစည်းကမ်းဖြစ်ပါသည်။ ရန်ကုန်ဘူတာကြီးမှ ပဲခူးဘူတာသို့ ချပေးရန် သတင်းစာလိပ်ပေါင်း ၂၇ လိပ် အုပ်စုတွင် ကိုယ်စားလှယ်အားလုံးအတွက် ဦးအောင်သန်းထူးအမည်ဖြင့် တန်ဆာဖြတ်ပေးလိုက်ပါသည်။ ယခုအခါ ပဲခူးဘူတာဝန်ထမ်းက သတင်းစာကိုယ်စားလှယ်အားလုံးစုံမှ သတင်းစာလိပ်ကို ထုတ်ပေးမည်ဟု ရာဇသံပေးလာပါသည်။ သတင်းစာကိုယ်စားလှယ်အသီးသီး၏သတင်းစာပို့ လုပ်သားများသည် ပဲခူးဘူတာရုံသို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရောက်ရှိကြသည်မဟုတ်ပါ။ ယခင်ကဆိုလျှင် စောစောရောက်သူက မိမိကိုယ်စားလှယ်၏ သတင်းစာလိပ်ကို စောစောထုတ်ယူသွားပြီးနောက် သတင်းစာလိပ်ကိုခွာခြင်း၊ အချပ်ပိုများကို တစ်စောင်စီဖြစ်အောင် ရွေးထုတ်ခြင်း၊ ရွေးထုတ်ပြီးအချပ်ပိုများကို သတင်းစာတစ်စောင်ချင်း ထည့်သွင်းခြင်းဖြင့် ပါဆယ်ခန်းမှ ထုတ်ယူပြီးနောက် မိနစ် ၃၀ ခန့်အချိန်ယူပြီးမှသာ စာဖတ်သူလက်ဝယ်သို့ ဖြန့်ဝေရပါသည်။ ကိုယ်စားလှယ်၏ လုပ်သားအားလုံးစုံမှ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သတင်းစာလိပ်များကို ထုတ်ပေးမည်ဆိုပါလျှင် စာဖတ်သူလက်ဝယ်သို့ သတင်းစာရောက်ရှိချိန် အလွန်နောက်ကျသွားမည်ဖြစ်ပါသည်။

သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အစိုးရတစ်ရပ်၏ အုပ်ချုပ်မှုအောက်တွင် အပေါ်ပိုင်း၊ အထက်ပိုင်းမှ ရွေ့နေသော်လည်း အောက်ပိုင်းတွင် ခြေစုံရပ်နေသူများ၊ မရွေ့ရှားသူများကို တွေ့မြင်နေရပါသည်။ ပဲခူးမြို့တွင် ၁၉၇၆ ခုနှစ် နှစ်ပေါင်း ၃၅ နှစ်ကျော်ကပင် သတင်းစာကိုယ်စားလှယ်လုပ်ခဲ့သော၊ ယနေ့လည်း လုပ်ဆောင်နေဆဲဖြစ်သော လုပ်သက်ရင့်ကိုယ်စားလှယ်ဟောင်းတစ်ဦးက ပဲခူးဘူတာတန်ဆာဌာနက သတ်မှတ်သော စည်းကမ်းသည် မကြုံဖူးကြောင်း၊ မကြားဖူးကြောင်း၊ လွယ်လွယ်နှင့် ပြီးရမည်ကို ခက်အောင်လုပ်သည်နှင့် တူနေကြောင်း၊ လွယ်သည်ကို မခက်စေလိုကြောင်း စာရေးသူကို ပြောပြပါသည်။

(စိန်လှိုင်ဗိုလ်)

လျှပ်စစ်အန္တရာယ် သရက်၌ ကာကွယ်

သရက် ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ဆားဗစ်ဝိုင်ယာကြိုးများမှတစ်ဆင့် ဓာတ်လိုက်သေဆုံးမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းဆွေးမြည့်သည့် ဆားဗစ်ဝိုင်ယာကြိုးအဟောင်းများကို အသစ်လဲလှယ်ခြင်းနှင့် လျော့အိကျဆင်းနေသော ကြိုးများကို ၁၈ ပေအထက် မြှင့်တင်ခြင်း၊ ကြွေသီးများတပ်ဆင်ခြင်း၊ ပြည်သူများသိရှိစေရန် အသိပညာပေးခြင်းတို့ကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်စိန်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့က ကြီးကြပ်၍ ရုံးဝန်ထမ်းများနှင့်အတူ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

(ကိုကိုအောင်)



စာအုပ် စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

ဒီမိုကရေစီစနစ်ကိုကျင့်သုံးဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကို ပြည်သူအားလုံးကလိုက်နာဆောင်ရွက်ရေးသည်အရေးကြီး ထိုသို့ ဆောင်ရွက်မှသာ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပြီး ဒီမိုကရေစီလုပ်ငန်းစဉ်များအောင်မြင်စွာဆောင်ရွက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးစိုးသာနှင့်ဦးသိန်းဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယ ဝန်ကြီးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ပဲခူးခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့အဖွဲ့အနေဖြင့် ယခုကဲ့သို့ ရောက်ရှိလာကြခြင်းမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် အများပြည်သူများ၏ သဘောနှင့်လိုအပ်ချက်များကို သိရှိနားထောင်ပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ထို့အတွက် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ ဆန္ဒနှင့်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန်ဖြင့် တင်ပြဆွေးနွေးသွားကြရန်လိုအပ်ကြောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တည်ဆောက်နိုင်ရန်အတွက် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့ပြီးနောက် လွှတ်တော်များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုကာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့ တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ပြည်သူများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံကာ ပြည်သူများ၏ဆန္ဒနှင့် လိုအပ်ချက်များကို မေးမြန်းစုံစမ်းကြရန်လိုအပ်ကြောင်း၊ သို့မှသာ လွှတ်တော်တွင် ပြန်လည်တင်ပြဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် လွှတ်တော်ကျင်းပနေစဉ် ကာလအတွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေများ ပြဋ္ဌာန်းခြင်းတို့ကို အများပြည်သူတို့၏ သဘောထားဆန္ဒများ ထင်ဟပ်စိမ့်သောငှာ လွှတ်တော်က စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်အစည်းအဝေးများမကျင်းပသည့် အချိန်များတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေမှ ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူ့အသံများကို နားထောင်ကာ သက်ဆိုင်ရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့မှ ဆောင်ရွက်ပေး၍ မရနိုင်သည့်ကိစ္စများအား လွှတ်တော်သို့ တင်ပြခြင်းများ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းက ပဲခူးခရိုင်၏ ဒေသန္တရဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်တံခါး၊ ရွှေကျင်၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ ပဲခူး၊ ကဝနှင့်သနပ်ပင်မြို့နယ်များမှ မြို့မိ မြို့ဖများက ပဲခူးတိုင်းဒေသကြီးအတွင်း နှစ်စဉ်ကြုံတွေ့ရမြဲဖြစ်နေသည့် ရေကြီးရေလျှံ ကိစ္စရပ်များ၊ လယ်ယာမြေရေနစ်မြုပ်မှု အခြေအနေများ၊လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊လူမှုရေး၊စီးပွားရေးနှင့် အခြားသော ကဏ္ဍရပ်များတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာများအပေါ် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် ရှင်းလင်းဖြေကြားချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုလို အခမ်းအနား တက်ရောက်လာသူများက မိမိတို့ဒေသ၏ လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်းတင်ပြကြခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အစိုးရနှင့် မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူ့ဆန္ဒသဘောထားအား အလေးထားပြီး ပြည်သူ့အခွင့်အရေးကို ဦးစားပေးကာ ပြည်သူ့လိုအပ်ချက်များအား ဆောင်ရွက်ပေးနိုင်ရန် အမြဲကြိုးစားအားထုတ်လျက်ရှိပါကြောင်း၊ လူ့အလိုနတ်မလိုက်နိုင်သကဲ့သို့ မည်သို့ပင် စေတနာထား ဆောင်ရွက်စေကာမူ ပြည့်စုံစွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်မှာလည်း သဘာဝပင်ဖြစ်ပါကြောင်း၊ ပြည်သူများဘက်ကလည်း ယခုကဲ့သို့ ကျန်ရှိသည့်အချက်များကို တင်ပြကြရမည်မှာလည်း သဘာဝပင်ဖြစ်ပါကြောင်း၊ မိမိတို့မျှော်မှန်းသည့် ပန်းတိုင်ရောက်ရှိရန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကိုပြည်သူအားလုံးက လိုက်နာဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာ တရားဥပဒေစိုးမိုးမှု(Rule of Law) ရှိမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာကာ ဒီမိုကရေစီလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊စည်းကမ်းများကို အားလုံးက လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပဲခူးမြို့တော်ခန်းမ၌ ပဲခူးခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက ကမာရွတ်မြို့နယ် စိန်ရတုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာ မြင့်သိန်းနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့က ၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စိန်ရတုခန်းမအတွင်း ပြသထားသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ရရှိသည့် ဆုဖလားများကို ကြည့်ရှုကာ ခရိုင်အလိုက် ပညာရေးပြခန်းများနှင့် ပညာရေးဆိုင်ရာအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အလားတူ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကိုလည်း ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီ ၁၀မိနစ်တွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။ ထို့အတူ ၂၀၁၂ -၂၀၁၃ ပညာသင်နှစ် ကယားပြည်နယ် ပညာရေးစုံညီပွဲတော်ကို လွိုင်ကော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌လည်း ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

အလားတူ ၂၀၁၂ -၂၀၁၃ ပညာသင်နှစ် ရခိုင်ပြည်နယ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၃ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ပုသိမ်မြို့၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၄နာရီ မိနစ်၂၀က ပုသိမ်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

၂၀၁၃ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ပုသိမ်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ROYAL AYAR CREATIVE & CONSTRUCTION CO.,LTD. ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် မဟာဗန္ဓုလလမ်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် ROYAL AYAR CREATIVE & CONSTRUCTION CO.,LTD. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ဝင်းတို့က ရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ROYAL AYAR CREATIVE & CONSTRUCTION CO.,LTD. ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘော်လီဘောမိသားစုလူမှုရေးအသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ဘော်လီဘောမိသားစု လူမှုရေးအသင်း၏ (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့် ဓမ္မဗိမာန်၌ ကျောက်ဆည်အသင်း(ရန်ကုန်)မှ ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဘော်လီဘောအားကစားမောင်မယ်များ တက်ရောက်နိုင်ကြောင်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးမြင့်သိန်း ဖုန်း-၀၉-၈၆၁၀၁၅၈၊ ဦးတင့်လွင် ဖုန်း-၀၉-၄၃၁၈၀၀၃၈၊ဦးဝင်းမြင့် ဖုန်း-၀၉-၇၃၁၃၂၂၉၅၊ဦးကိုကိုနိုင် ဖုန်း- ၀၉-၅၀၁၀၃၀၆ နှင့် ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၇၅၉၁၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မှုခင်းကျဆင်းရေး ဟောပြော

ပျဉ်းမနား ဇန်နဝါရီ ၅

နေပြည်တော် တပ်ကုန်းမြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် မှုခင်းဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ရက်နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တို့တွင် ရေအေးကျေးရွာနှင့် ညောင်လွန့်ကျေးရွာတို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးဝင်းခေါင် (စာရေးဆရာ ထက်ခေါင်)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဗဟိုမှ ရဲမှူးခင်မောင်လှတို့က ပညာပေးဟောပြောရာ ဒေသခံရွာသူရွာသား ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

နိုင်ငံတကာသတင်း

ယခုနှစ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၄ ဘီလီယံရရှိရေး ဗီယက်နမ်ကြိုးစားမည်

ဟန္နိုင်း ဇန်နဝါရီ ၅

ဗီယက်နမ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့်ရရှိရန် မျှော်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ငံတကာမှ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများက ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အစီအစဉ်များရှိနေကြောင်း၊ စာရင်းပေးမှုနှင့် မှတ်ပုံတင်မှုများလည်း ပြုလုပ်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒိုနက်ဟောင်က ပြောကြားသည်။

လာရောက်လုပ်ကိုင်

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ ကမ္ဘာ့နိုင်ငံပေါင်း ၉၈ နိုင်ငံမှ ဗီယက်နမ်နိုင်ငံတွင် စီမံကိန်း ၁၄၄၈၉ ခုကို လာရောက်လုပ်ကိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၆ ဘီလီယံအထိရှိခဲ့ကြောင်း၊ တစ်နိုင်ငံလုံးရင်းနှီးမြှုပ်နှံမှု၏ ၁၃ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

၂၀၁၂ ခုနှစ် တစ်နှစ်တည်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၁ ဘီလီယံရှိခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် အခြေခံစက်မှုလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမှုရှိခဲ့သည်။ **(ရိုက်တာ)**

အိမ်ကို လေယာဉ်ကဝင်တိုက် သုံးဦးသေဆုံး

ဖလော်ရီဒါ ဇန်နဝါရီ ၅

ဖလော်ရီဒါအလယ်ပိုင်း လေဆိပ်တစ်ခုသို့ ဆင်းသက်ရန် ကြိုးစားနေသော လေယာဉ်ငယ်တစ်စင်းသည် အိမ်တစ်အိမ်အား ဝင်တိုက်မိပြီး သုံးဦးသေဆုံးသွားသောဖြစ်ရပ်တစ်ခု ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း ဖလော်ရီဒါအဝေးပြေးလမ်း ကင်းလှည့်အဖွဲ့က ပြောကြားခဲ့သည်။

ဝင်ရောက်

၁၉၅၇ ခုနှစ်ထုတ် အိပ်ရှ်သားတီး ဖိုက်ဘိုနာဇာလေယာဉ်သည် ဖောင့်ပီယာ့စ်က နေ့ာဗီလီမြို့သို့ ဦးတည်ပျံသန်းလာစဉ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု ကြုံတွေ့လာခဲ့ရသည်။ လေယာဉ်မှူးက လေယာဉ်တုန်ခါနေကြောင်း ထိန်းချုပ်ခန်းသို့ ပြောကြားအပြီးမှာပင် လေယာဉ်မှ မီးခိုးများ ထွက်လာခဲ့သည်။ ထို့နောက် လေယာဉ်သည် ဆိုးရွားသောအန္တရာယ်ထဲသို့ ချင်းနင်းဝင်ရောက်သွားခဲ့သည်။

အဆိုပါ လေယာဉ်သည် ဖလက်ဂါကောင်တီလေဆိပ်၏ အရှေ့ဘက် ကပ်လျက် ကမ်းရိုးတန်းရှိ အိမ်တစ်အိမ်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ဖလက်ဂါကောင်တီအုပ်ချုပ်ရေးအရာရှိရုံးမှ ပြောကြားသွားခဲ့သည်။

ထိုးတက်

"လေယာဉ်တွေ ကျွန်တော်တို့အပေါ်က အမြဲလိုလို ဖြတ်သန်းသွားနေကျပါ။ ဒါပေမယ့် ဒီနေ့ခင်းပိုင်းမှာတော့ ဖွတ်၊ ဖွတ်၊ ဖွတ် ဆိုတဲ့အသံကို ကြားခဲ့ရပါတယ်။ ပြီးတော့ "ဘုန်း"ဆိုတဲ့ အသံကြားရတော့ ကျွန်တော်အပြင်ထွက်ကြည့်လိုက်တဲ့အခါ လမ်းပေါ်မှာ မီးတောက်တွေအပေါ်ကို ထိုးတက်သွားတာ တွေ့လိုက်ရပါတယ်" ဟု အဆိုပါလမ်းထဲတွင် နေထိုင်သူတစ်ဦးက ပြောကြားသွားခဲ့သည်။ **(အေပီ)**



နယူးယောက်မြို့တွင် ပိရမစ်များတွေ့ရှိ

နယူးယောက် ဇန်နဝါရီ ၅

နယူးယောက်မြို့တွင် မကြာသေးမီက တိုက်ခတ်ခဲ့သော စူပါစန်ဒီမုန်တိုင်းကြောင့် သဲပိရမစ်ကြီးများဖြစ်ပေါ်ခဲ့သည်ကို ဓာတ်ပုံဆရာစတီဖိန်းမစ်စီယာက မှတ်တမ်းတင်ရိုက်ကူးထားသည်။ **(အပေါ်ပုံ)**

ရှားလက်လီဘရိုက်ဂရင်းဟု လူသိများကျော်ကြားသည့် ဘရွတ်ကလင်းအခြေစိုက်ဓာတ်ပုံဆရာ မစ်စီယာသည် အဆိုပါပိရမစ်များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ရော့ကာဝေးကျွန်းဆွယ်အနီး ဂျက်ကော့ရစ်အရပ်ဒေသ၌ အမြောက်အမြားတွေ့ရှိခဲ့သည်ဟုဆိုသည်။

၎င်းသည် စန်ဒီမုန်တိုင်းကျရောက်အပြီး အခြေအနေကို ဓာတ်ပုံရိုက်ကူးစဉ် အမြင့်ပေ ၃၀ ခန့်ရှိ ပိရမစ် ၁၈ ခုကို အဆိုပါဒေသ၌ တွေ့ရှိခဲ့သည်ဟုဆိုသည်။ အဆိုပါမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် အမေရိကန်နိုင်ငံ၌ အနည်းဆုံးပြည်နယ် ၁၇ ခု မုန်တိုင်းဒဏ်ခံခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

ပါကစ္စတန် ခရီးသည်တင်လေယာဉ် အီရန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်

တီဟီရန် ဇန်နဝါရီ ၅

ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (ပီအိုင်အေ) မှ ဂျက်အဲလိုင်း A-310 ခရီးသည်တင်လေယာဉ်သည် အီရန်နိုင်ငံအတွင်း အရေးပေါ်ဆင်းသက်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၅ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပြောကြား

အဆိုပါ ခရီးသည်တင်လေယာဉ်သည် ကူဝိတ်မြို့တော်မှ ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့သို့ ခရီးဦးတည်ပျံသန်းလာစဉ် လေဖိအားပေးစနစ် ချွတ်ယွင်းမှုကြောင့် ဇန်နဝါရီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၇ မိနစ်က အီရန်နိုင်ငံ ကာမင်န်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း ကာမင်န်ပြည်နယ်လေဆိပ်ညွှန်ကြားရေးမှူးချုပ် မိုဟာမက်နက်ဟီအီက ပြောကြားခဲ့သည်။

ယင်းလေယာဉ်သည် ခရီးသည် ၁၉၈ ဦးအား တင်ဆောင်လာခဲ့ကြောင်း၊ ခရီးသည်တစ်ဦးတစ်ယောက်မျှထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း ၎င်းကထပ်မံပြောကြားသည်။ အီရန်နည်းပညာရှင်များက နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုကို ပြန်လည်ပြုပြင်ပြီးနောက် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ကာမင်န်လေဆိပ်မှ လာဟိုးလေဆိပ်သို့ ထွက်ခွာခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဩစတြေးလျတောမီး လူထောင်ပေါင်းများစွာထွက်ပြေး

တက်စ်မေးနီးယား ဇန်နဝါရီ ၅

ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားကျွန်း၌ တောမီးလောင်မှုဖြစ်ပွားခဲ့ရာ လူထောင်ပေါင်းများစွာတို့ ထွက်ပြေးခဲ့ရပြီး အနည်းဆုံးအိမ်ခြေ ၈၀ မီးလောင်ပျက်စီးသွားခဲ့ရကြောင်း ဇန်နဝါရီ ၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**

ကယ်တင်ခဲ့ရ

ဩစတြေးလျနိုင်ငံတစ်ဝန်း အပူလှိုင်းကျရောက်ခဲ့ရာ တက်စ်မေးနီးယားပြည်နယ်မြို့တော် ဟိုဘတ်တွင် အပူချိန် ၄၁ စင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ အချို့မှာ တက်စ်မန်ကျွန်းဆွယ် ကမ်းခြေများတွင် ယာယီတဲများ ထိုးနေကြရကြောင်း၊ ရာပေါင်းများစွာသော ဒေသခံများအား လှေဖြင့် ကယ်တင်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါကျွန်းတွင် အပူချိန်အမြင့်ဆုံးရောက်ပြီး ပြန်ကျသွားသော်လည်း နေရာ ၄၀ ခန့် တောမီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ဟောဘတ်မြို့အရှေ့ဘက် ဒူနယ်လေးအရပ်၌ နေအိမ် ၈၀ တောမီးလောင်ကျွမ်းခဲ့ရသည်။ **(ဘီဘီစီ)**

တာလီဘန်တို့ပစ်ခတ်ခဲ့သည့် ပါကစ္စတန်အရေးလှုပ်ရှားသူ မာလာလာ ဗြိတိန်နိုင်ငံ ဘာမင်ဂမ်ဆေးရုံမှဆေးကုသမှုခံယူပြီး ပြန်ဆင်းလာ

ဘာမင်ဂမ် ဇန်နဝါရီ ၅

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက တာလီဘန်စစ်သွေးကြွတို့ လက်ချက်ဖြင့် ဦးခေါင်းပစ်ခတ်ခံခဲ့ရသူ အသက် ၁၅ နှစ်အရွယ် ပါကစ္စတန် အရေးလှုပ်ရှားတက်ကြွသူ မာလာလာ ယူဆပ်ဖ်ဇိုင်သည် ဗြိတိန်ဆေးရုံတစ်ရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပါကစ္စတန်အရေး လှုပ်ရှားတက်ကြွသူ မာလာလာယူဆပ်ဖ်ဇိုင်သည် အနောက်မစ်လန်းရှိ သူမ၏မိသားစု ခေတ္တနေထိုင်သည့် နေအိမ်၌ သူမပြန်လည်ကျန်းမာသည်အထိ ဆက်လက်နေထိုင်ရန် အတွင်းလူနာအဖြစ်မှ ဇန်နဝါရီ ၃ ရက်တွင် ကွင်းအယ်လီဇဘတ် ဘာမင်ဂမ်ဆေးရုံမှ ဆင်းခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ်၌ ပြောကြားသည်။

ဆယ်ကျော်သက်အရွယ် ယူဆပ်ဖ်ဇိုင်သည် နောက်ထပ်သီတင်းပတ်အနည်းငယ်ကြာ အပြင်လူနာအဖြစ် ဆေးရုံမှ ဆေးဝါးကုသမှုခံယူရဖွယ်ရှိကြောင်း ၎င်းဆေးရုံက ထုတ်ပြန်ချက်တွင် ဆက်လက်ပြောကြားသည်။

ပြောင်းရွှေ့ခဲ့

ယူဆပ်ဖ်ဇိုင်သည် ခိုင်ဘာပတ်တွန်ခဝါပြည်နယ် ဆွတ်တောင်ကြားဒေသရှိ သူမ၏နေအိမ်တွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ပညာသင်ကြားမှု အခွင့်အလမ်းများ ရရှိစေရန် စိတ်ဓာတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုများကို ရရှိရေး ရဲရင့်ပွင့်လင်းစွာ ပြောကြားမှုအတွက် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် မင်ဂိုရာမြို့ တာ့ရစ် ပါကစ္စတန်တာလီဘန် (တီတီပီ)စစ်သွေးကြွများပစ်ခတ်မှုကို ခံခဲ့ရခြင်းဖြစ်သည်။

ပစ်ခတ်ခံရပြီး နောက်တစ်ရက်တွင် ယူဆပ်ဖ်ဇိုင်၏ ဦးခေါင်းတွင် ထိမှန်ခဲ့သည့် ကျည်ဆန်ကို ပတ်ရှ်ဝါရှိ ခွဲစိတ်ဆရာဝန်များက ဖယ်ရှားပေးခဲ့သည်။ နောက်ပိုင်းတွင် သူမသည် အထူးဆေးဝါးစောင့်ရှောက်မှုခံယူရန် ရာဝါပင်ဒီရှိ စစ်ဆေးရုံသို့ ပြောင်းရွှေ့ခဲ့သည်။

ရောက်ရှိခဲ့

ယူဆပ်ဖ်ဇိုင်သည် သူမ၏ အာရုံကြောပြန်လည်ပြုပြင်မှုနှင့် ဦးခေါင်းပျက်စီးမှုတစ်ခုအတွက် ကုသမှုလိုအပ်ကြောင်း ပါကစ္စတန်ဆရာဝန်များက ပြောကြားပြီးနောက် ဘာမင်ဂမ်ရှိ ကွင်းအယ်လီဇဘတ်ဆေးရုံ၌ အထူးဆေးဝါးကုသရန်အတွက် အောက်တိုဘာ ၁၅ ရက်က ဗြိတိန်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ဗြိတိန်နိုင်ငံဆေးရုံမှဆင်းလာသည့် ပါကစ္စတန်တက်ကြွလှုပ်ရှားသူ မာလာလာယူဆပ်ဖ်ဇိုင်

တင်မောင်လွင် စုစည်းသည်

ဖိလစ်ပိုင်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံးခုနစ်ဦးသေဆုံး

မနီလာ ဇန်နဝါရီ ၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီး မြို့တစ်မြို့၌ သေနတ်သမားတစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဇန်နဝါရီ ၄ ရက်က ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါသေနတ်သမားသည် ဒေသဆိုင်ရာ ရွေးကောက်ပွဲဝင်ဟောင်းတစ်ဦးဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းသည်မနီလာမြို့တောင်ဘက် ကီဝစ်မြို့၌ လမ်းများပေါ်တွင် သွားလာနေသူများအား သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

သေဆုံးသူများတွင် ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးလည်း ပါဝင်သည်ဟုဆိုသည်။ ရဲတပ်ဖွဲ့က ရိုနယ်ဘေးဟု အမည်ပေးထားသော အဆိုပါသေနတ်သမားသည် ဇန်နဝါရီ ၃ ရက် ညပိုင်းက အရက်အလွန်အကျွံ သောက်ထားသည်ဟု ဆိုသည်။ မစ္စတာဘေးသည် ကျေးရွာအုပ်ချုပ်ရေးမှူး ရာထူးဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်သွားခဲ့သူဖြစ်သည်။ **(ဘီဘီစီ)**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(1) 2005 TOYOACE 3 TONS 14' Box Truck (မုန့်ပုံး) ရှေ့/နောက်လေး
(2) 2001 Isuzu 1.5 TONS 10' Flat Body ရှေ့/နောက်လေး
(3) 2003 Isuzu 3.5 TONS 12' Flat Body With Hydraulic ရှေ့/နောက်လေး။

စုံစမ်းရန်-ဖုန်း-၀၉-၇၃၁၂၈၂၀၆

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့
APOLLO GLENEAGLES HOSPITAL KOLKATA
ဆေးရုံကြီးမှ ဆရာဝန်ကြီးများဖြစ်ကြသော

၁။ **အစာအိမ်နှင့်အူလမ်းကြောင်းခွဲစိတ်ဆရာဝန်ကြီး**
Dr.SUDDASATTA SEN[DNB,MS,MRCS(UK).MNAMS.FMAS, FHPB&LIVER TRANSPLANT]

၂။ **ဦးနှောက်နှင့်အာရုံကြောဆရာဝန်ကြီး**
Dr.ANIRBAN DEEP BANERJEE [MBBS, MCh.(NEUROSURGERY)]

၃။ **ဓာတ်ရောင်ခြည်ကုထုံးဆရာဝန်ကြီး**
Dr.AKHTER JAWADE [MD (radiotherapy)]

တို့မှ လူနာဟောင်း၊ လူနာသစ်များကို အခမဲ့စမ်းသပ်ကြည့်ရှုပေးမည်ဖြစ်ပါသည်။

၁။ **တွေ့ဆုံဟောပြောပွဲ** ၂ နာရီမှ ၃ နာရီအထိ
၂။ **လူနာဟောင်း၊ လူနာသစ်များကို** ၃ နာရီမှ ၆ နာရီအထိ
အခမဲ့စမ်းသပ်ကုသပေးခြင်း
နေ့ရက်- ၉-၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
နေရာ - TRADERS HOTEL (အင်း၀၊တောင်ငူခန်းမ)

ဆက်သွယ်ရန်
သီတာအေးမြဝန်ဆောင်မှုကုမ္ပဏီလီမိတက်
မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့
အမှတ် ၄၄၈-ဘီ၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁-၃၉၄၈၈၉၊ ၀၉-၅၀၁၃၅၂၂၊ ၀၉-၅၀၆၅၈၇၁၊ ၀၉-၇၃၀၄၅၅၀၀

နိုင်ငံတကာသတင်း

ဘဏ္ဍာရေးချောက်ကမ်းပါး ရှောင်လွှဲသည့် ဥပဒေ အမေရိကန်သမ္မတအိုဘားမား လက်မှတ်ရေးထိုး

တိုး ရေးသားသည်

ဘဏ္ဍာရေးချောက်ကမ်းပါးဟူ၍ လူသိများသော ဘတ်ဂျက်အကျပ်အတည်းကို လွှဲဖယ်ရှောင်ရှားရန် သဘောတူညီမှုရရှိခြင်းအပေါ် ယခုအခါ အမေရိကန်သမ္မတ အိုဘားမားက ချီးကျူးနိုင်ပြီဖြစ်ပြီး ယင်းမှာစီးပွားရေး ခိုင်မာတောင့်တင်းရေးအတွက် ကြိုးပမ်းရာ၌ အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟုလည်း ပြောကြားလိုက်သည်။ အဆိုပါ ဥပဒေကြမ်းကို အမေရိကန်အထက်လွှတ်တော်က အတည်ပြုအပြီးတွင် အောက်လွှတ်တော်ထောက်ခံမဲ ၂၅၇ မဲ၊ ကန့်ကွက်မဲ ၁၆၇ မဲဖြင့် အတည်ပြုပေးပြီးနောက် သမ္မတအိုဘားမားက ထိုသို့ချီးကျူးပြီး ကြိုဆိုစကားပြောကြားလိုက်ခြင်းလည်းဖြစ်သည်။

၎င်းဥပဒေကြမ်းကို အမေရိကန် လွှတ်တော်အဆောက်အအုံမြေအောက်ခန်းတွင် ၂၄ နာရီကြာ အကြိတ်အနယ်ဆွေးနွေး ပြီးနောက် ရီပတ်ဘလီကင်အမတ်အများစုရှိသည့် အောက်လွှတ်တော်က ထောက်ခံမဲ ၂၅၇ မဲ၊ ကန့်ကွက်မဲ ၁၆၇ မဲဖြင့် အတည်ပြုရာ၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်က ဒီမိုကရက်တစ်အမတ် ၁၇၂ ဦးနှင့် ရီပတ်ဘလီကင်အမတ် ၈၅ ဦးတို့က ထောက်ခံမဲပေးပြီး ဒီမိုကရက်တစ်အမတ် ၁၆ ဦးနှင့် ရီပတ်ဘလီကင်အမတ် ၁၅၁ ဦးတို့က ကန့်ကွက်ကြခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဂျိုးဘိုက်ဒင်နှင့် အထက်လွှတ်တော် ရီပတ်ဘလီကင်အမတ်များအကြား အတန်ကြာဆွေးနွေးပြီးနောက် လွန်ခဲ့သည့် ၂၄ နာရီအတွင်းမှာပင် အမေရိကန်အထက်လွှတ်တော်၌ဥပဒေကြမ်းကို ထောက်ခံမဲ ၈၉ မဲ၊ ကန့်ကွက်မဲ ၈ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကွန်ဂရက်က ၎င်းဥပဒေကြမ်းကို အတည်ပြုပေးရမည့်နောက်ဆုံးအချိန်မှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ပင်ဖြစ်သည်။ သမ္မတဂျော့ဒဗလျူဘုရှ် လက်ထက်ကအခွန်ကောက်နှုန်း ဖြတ်တောက်ရေး သက်တမ်းကုန်သည်နှင့်တစ်ပြိုင်နက် အစိုးရအသုံးစရိတ် ဖြတ်တောက်မှုနှင့်အခွန်တိုးမြှင့် ကောက်ခံမှုတို့ အလိုအလျောက် အကျုံးဝင်မည်ဖြစ်သည်။ နောက်ဆုံးအချိန်တွင် အကြိတ်အနယ်ညှိနှိုင်းပြီး သဘောတူညီမှုရရှိကာ အောက်လွှတ်တော်က မဲခွဲအတည်ပြုလိုက်သောအခါ သမ္မတအိုးဘားမား လက်မှတ်ထိုးရန် အသင့်ဖြစ်တော့သည်။

သမ္မတအိုဘားမားသည် ဟာဝိုင်ရီသို့ ခရီးမထွက်မီ ထိုဥပဒေကြမ်းကို ဥပဒေအဖြစ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတအိမ်ဖြူက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ကြေညာသည်။

သမ္မတအိုဘားမား ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက် ညနေက လက်မှတ်ရေးထိုးလိုက်သည့် ဥပဒေမှာ ၂၀၁၂ ခုနှစ် အမေရိကန် အခွန်ထမ်းများ သက်သာချောင်ချိရေးအက်ဥပဒေဖြစ်သည်။ အချမ်းသာဆုံးအမေရိကန်များအပေါ် အခွန်တိုးကောက်သည့် ဥပဒေဖြစ်သည်။ အသုံးစရိတ်အကြီးအကျယ် ဖြတ်တောက်မှုစတင်မည့် အချိန်ကို ရွှေ့ဆိုင်းပေးလိုက်သည့် ဥပဒေဖြစ်သည်။

သမ္မတအိုဘားမား အစိုးရနှင့် အမေရိကန်ကွန်ဂရက်တို့သည် အစိုးရအသုံးစရိတ်နှင့် အခွန်ကောက်နှုန်းထားများနှင့်စပ်လျဉ်း၍ဓမ္မာသောကဖြစ်ခဲ့သည်။ ရီပတ်ဘလီကင်အမတ်များက အခွန်အကောက်တိုးကောက်ရေးကိုပယ်ချပြီး ဒီမိုကရက်တစ်အမတ်များက အသုံးစရိတ် အကြီးအကျယ်လျှော့ချခြင်းကို ခုခံနေကြစဉ် အမေရိကန်ကွန်ဂရက်မှာ ရှေ့သို့ခရီးမဆက်နိုင်အောင် ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုတော့နှစ်ဖက်အပေးအယူလုပ်ကာ ညှိနိုင်ပြီး ကွန်ဂရက်ကအတည်ပြုပေးလိုက်သောအခါ သမ္မတအိုဘားမားက လက်မှတ်ထိုးအပြီးတွင် ဥပဒေတစ်ရပ်အဖြစ် အကောင်ထည်ပေါ်လာမည်ဖြစ်သည်။

အမေရိကန်အနေဖြင့် ၎င်းဘဏ္ဍာရေးချောက်ကမ်းပါးကိုခုန်မည်ဆိုလျှင် လူတိုင်းကိုထိခိုက်မည်ဟုဆန်းစစ်သူများကဝေဖန်သည်။ အသုံးစရိတ်များ အကြီးအကျယ်လျှော့ရလျှင် ကာကွယ်ရေးအသုံးစရိတ်များလျှော့ရမည်၊ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြောင်းလဲရမည်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်များ အဆုံးသတ်ရမည်စသည့် အခြေအနေများပြောင်းသွားမည်ဖြစ်သည်။ ဘတ်ဂျက်အကျပ်အတည်းခေါ် ၎င်းဘဏ္ဍာရေးချောက် ကမ်းပါးပြဿနာကြောင့် အမေရိကန်စီးပွားရေးမှာ စီးပွားရေးကပ်ဘေးအတွင်းပြန်ဆင်းသွားနိုင်ကြောင်း အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌ ကင်ဘန်နာကေးက ပြောကြားသည်။ အလားတူပင် အမေရိကန်သမ္မတ အိုဘားမားကလည်း စောစောကပင် ပြောကြားထားပြီးဖြစ်သည်။

အမေရိကန်ခေါင်းဆောင်များသာ ၎င်းဘတ်ဂျက်အကျပ်အတည်း သို့မဟုတ် ဘဏ္ဍာရေးချောက်ကမ်းပါးကို မရှောင်ကွင်းနိုင်လျှင် အမေရိကန်နိုင်ငံအနေဖြင့် စီးပွားရေးကပ်ဆိုက်သွားနိုင်ပြီး အလုပ်လက်မဲ့နှုန်းသည် ၂၀၁၃ ခုနှစ်တွင် ၉ ရာခိုင်နှုန်းကျော် ခုန်တက်သွားနိုင်ကြောင်း ကွန်ဂရက်ဘတ်ဂျက်ရုံးက ကြိုတင်ခန့်မှန်းထားပါကြောင်း။ ။

ဆီးရီးယားလွတ်မြောက်ရေးတပ် ဓာတုလက်နက်ထုတ်လုပ်နိုင်ပြီဟုဆို

ဆီးရီးယားလွတ်မြောက်ရေးတပ်ဖွဲ့ (အက်ဖ်အက်စ်အေ)က ၎င်းတို့အနေဖြင့် ဓာတုလက်နက်များ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တပ်ဖွဲ့ဝင်တစ်ဦးကပြောကြားသည်ဟု ဇန်နဝါရီ ၃ရက်က ပရက်စ်တီဗွီသတင်းတွင် ပြောပြထားသည်။

အက်ဖ်အက်စ်အေ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်အက်စ်ဆမ်းအယ်လ်ဒါဒါက တူရကီနိုင်ငံပိုင်သတင်းအေဂျင်စီ အနာတိုလီယာသတင်းဌာနနှင့် ဒီဇင်ဘာ ၃၁ ရက်က တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။ ယင်းအဖွဲ့အနေဖြင့် လိုအပ်လာလျှင် ဓာတ်တုလက်နက်များသုံးနိုင်ကြောင်း၊ ဆီးရီးယားသမ္မတ ဘာရှာအယ်လ် အာဆတ်၏ အစိုးရကို တိုက်ခိုက်ရာတွင် သုံးမည်ဖြစ်ကြောင်း ဒါဒါကမှတ်ချက်ပြုပြောကြားခဲ့သည်။ ဆီးရီးယားစစ်သားခုနစ်ဦးသည် အဝါရောင်ဓာတ်ငွေ့ထွက်သော ဓာတုလက်နက်များဖြင့် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရကြောင်း ဒီဇင်ဘာ ၂၃ ရက်တွင် ဆီးရီးယားသမ္မတ အစောင့်တပ်ဖွဲ့ တပ်မှူးက ပြောကြားခဲ့သည်။

ပါကစ္စတန်စစ်သွေးကြွခေါင်းဆောင်သစ် ဘာဟာဝေါခမ်းအားရွေးချယ်

အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ပါကစ္စတန်စစ်သွေးကြွခေါင်းဆောင် မူလာနာဇာနေရာတွင် ဆက်ခံမည့်သူအား ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါ ပုဂ္ဂိုလ်မှာ ဆာဟာဝေါခမ်းဆိုသူဖြစ်ပြီး မူလာနာဇာ၏အဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။ မူလာနာဇာသည် ဇန်နဝါရီ ၂ ရက်က တောင်ဝါဇီရစ္စတန်လူမျိုးစုဒေသ၌ ၎င်း၏ကားကို အမေရိကန်တို့ပစ်လိုက်သော ဒုံးကျည်နှစ်လုံး ထိမှန်ပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အကြမ်းဖက်ခေါင်းဆောင်လေးဦးအနက်တစ်ဦးဖြစ်သည်။ ၎င်းသည် အာဖဂန်တာလီဘန်များသို့ တိုက်ခိုက်ရေးသမားများ စေလွှတ်ပေးနေသူအဖြစ် ထင်ရှားသူဖြစ်သည်။ ဘာဟာဝေါခမ်း၏ အမည်ရင်းမှာ အယူဘီဖြစ်သည်။ ၎င်းအား နာဇာ၏ ဈာပနာအခမ်းအနားတွင် အဆိုပါအဖွဲ့၏ ထိပ်တန်းတပ်မှူးအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

မြင့်မောင်စိုး - စုစည်းသည်

အမေရိကန်တို့ ဖမ်းထားသော အကျဉ်းသားများ အာဖဂန်အစိုးရက ပြန်လွှတ်ပေး

အာဖဂန်နစ္စတန်ရှိ အမေရိကန်တို့ ဆောက်လုပ်ထားသည့် ဘာဂရမ်အကျဉ်းစခန်း၌ အမေရိကန်စစ်တပ်က ဖမ်းဆီးထားသော အာဖဂန်အကျဉ်းသား ၈၀ အား အာဖဂန်အစိုးရက ပြန်လွှတ်ပေးလိုက်ကြောင်း ဇန်နဝါရီ ၅ ရက်က ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါ အကျဉ်းသားများအားစစ်ဆေးရန် သို့မဟုတ် တရားစွဲဆိုရန်မရှိသဖြင့် ဇန်နဝါရီ ၄ ရက်က ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ငြိမ်းချမ်းရေးကောင်စီထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"အာဖဂန်မှာ နိုင်ငံရေးအရ ဖမ်းဆီးထားတဲ့ အကျဉ်းသားတွေ အများအပြားရှိပါတယ်။ သူတို့ကို ပြန်လွှတ်ပေးလိုက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု ပိုမိုအားကောင်းလာစေလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင် အစ္စမေးလ်ကာစင်မိုင်ယာက မှတ်ချက်ပြုပြောကြားလိုက်သည်။ ယခုသီတင်းပတ်အတွင်း အကျဉ်းသား ၄၀၀ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်းလည်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်းအကျဉ်းသားများအား တာလီဘန်နှင့် အခြားသော စစ်သွေးကြွအုပ်စုများ စစ်ဆင်ရေးတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နည်းစနစ်ပိုင်းချွတ်ယွင်း၍ ရွှေ့ဆိုင်းခဲ့ရသည့် ရိုကော့တ်ဒုံးပျံ ရုရှားလွှတ်တင်မည်

မော်စကို ဇန်နဝါရီ ၅

ရုရှားနိုင်ငံက ပြီးခဲ့သည့် ဒီဇင်ဘာလအစောပိုင်း၌ အာကာသသို့လွှတ်တင်ရန် ရွှေ့ဆိုင်းခဲ့ရသော ရိုကော့တ် အာကာသဒုံးပျံကို ဇန်နဝါရီ ၁၅ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ရုရှားအာကာသရေးရာ အရာရှိများက ဇန်နဝါရီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

အဆိုပါ ဒုံးပျံကို ပြီးခဲ့သည့် ဒီဇင်ဘာ ၈ ရက်က လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ တွေ့ရှိခဲ့သဖြင့် လွှတ်တင်မည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ယခုအခါ ယင်းနည်းစနစ်ပိုင်းချွတ်ယွင်းမှုများကို ပြန်လည်ပြုပြင်ခဲ့ပြီးဖြစ်ရာ လွှတ်တင်ရန် အသင့်အနေအထားရှိနေပြီဖြစ်သည်။

အထောက်အကူပြု

ရုရှားနိုင်ငံသည် ရိုကော့တ်အာကာသဒုံးပျံလွှတ်တင်မှုမှာ ယခုအကြိမ် လွှတ်တင်မှုအပါအဝင် ၁၆ ကြိမ်ရှိပြီဖြစ်သည်။ ပထမဆုံး ရိုကော့တ်ဒုံးပျံလွှတ်တင်မှုမှာ ၂၀၀၀ ပြည့်နှစ် မေ ၁၆ ရက်ကဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် ၂၀၁၂ ခုနှစ် ဇူလိုင် ၂၈ ရက်ကလည်း ကော့စ်မော့စ် အမည်ရှိ စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်လုံး လွှတ်တင်ခဲ့သည်။ အရပ်ဘက်သုံးဆိုင်ရာ ဂြိုဟ်တုသုံးလုံးကိုလည်း ၂၀၁၂ ခုနှစ်အတွင်း လွှတ်တင်ခဲ့ရာ သတင်းဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး အထောက်အကူပြုနိုင်ခဲ့သည်။

ရုရှားနိုင်ငံသည် ဂြိုဟ်တုလွှတ်တင်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိသည့်အပြင် အာကာသယာဉ်လွှတ်တင် မှုများကိုလည်း နာဆာနှင့် ဥရောပအာကာသအေဂျင်စီတို့နှင့်အတူ ပူးတွဲဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၁၄ခုနှစ်တွင် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လူလိုက်ပါမည့် အာကာသယာဉ်စေလွှတ်မှုများကို ဆက်လက်ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

အာကာဟိန်း - ရေးသည်

ကမ္ဘာ့အဝဆုံးလူဝကြီး ပေါလ်မင်ဆန် အသွယ်လျဆုံးကိုယ်ခန္ဓာပိုင်ရှင်ဖြစ်ရန်ကြိုးစားနေ

ယခင် ကမ္ဘာ့အဝဆုံးလူဖြစ်ခဲ့သည့် ပေါင် ၁၀၀၀ နီးပါးရှိသူ အသက် ၅၁ နှစ်ရှိ လူဝကြီး ပေါလ်မင်ဆန်သည် ခွဲစိတ်ကုသ၍ ပေါင် ၆၅၀ နီးပါး ဝိတ်ချလိုက်နိုင်အပြီး သူသည် ကမ္ဘာ့ခန္ဓာကိုယ်သွယ်လျ အချိုးကျဆုံးလူဖြစ်ရန်အတွက် အဓိဋ္ဌာန်ပြုထားသည်ဟု ဆိုသည်။

ယူနိုက်တက်ကင်းဒမ်း နေရှင်နယ်ကျန်းမာရေးဝန်ဆောင်မှု (NHS)က ရန်ပုံငွေမတည်ပြီး အစာအိမ်ခွဲစိတ်မှု ပြုလုပ်ပြီးနောက် ပေါလ်၏ကိုယ်အလေးချိန်သည် သုံးချိုးနှစ်ချိုးအထိ လျော့ကျသွားခဲ့ကြောင်း သိရသည်။ အဝလွန်နေသည့် ပေါလ်မင်ဆန်အား ခွဲစိတ်မှုပြု၍ အစာအိမ်ကို ကြက်ဥတစ်လုံး အရွယ်ခန့် ပြုပြင်ခွဲစိတ်ပေးခဲ့ရသည်ဟုဆိုသည်။

အင်္ဂလန်နိုင်ငံ ဆပ်ဖ်ဖော့ခ်စီရင်စု အက်လ်ပီးဆွစ်အရပ်တွင် နေထိုင်သည့် စာပို့ဝန်ထမ်းဟောင်း တစ်ဦးဖြစ်သော ပေါလ်၏ကိုယ်အလေးချိန်သည် လက်ရှိတွင် ပေါင် ၃၃၀ နီးပါးသာရှိသည်။ ပေါင် ၂၀၀ အထိ လျော့ချနိုင်ရန်ရည်မှန်းထားသည့် ပေါလ်က "ကျွန်တော်တော့ ကိုယ်အလေးချိန်ထပ်လျော့သွားဖို့ ကြိုးစားဦးမှာပါ"ဟုဆိုပြီး ကမ္ဘာ့အဝဆုံးလူတစ်ဦးအဖြစ်မှ ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာသွယ်လျအချိုးကျဆုံး လူတစ်ဦးဖြစ်ရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားသည်။

ကမ္ဘာ့အဝဆုံးလူဟူ၍ အခေါ်ခံရစဉ်က ရှက်ခဲ့ရသည်ဟုဆိုသော ပေါလ်သည် အဆီပိုတွေ လျော့ကျသွားပြီးနောက် အရေပြားများ တွဲကျကျန်နေသည်ကို ခွဲစိတ်ကုသပေးရန် NHS နှင့် အရေးဆိုလျက်ရှိသည်။ ၎င်းခွဲစိတ်မှုအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။ ပေါလ်မင်ဆန်

အား ခွဲစိတ်ကုသပေးခဲ့သည့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်ကြောင်း သိရှိရသည်။

ခွဲစိတ်ပြီး ဝိတ်မချနိုင်မီ အလွန်အကျွံဝနေစဉ်တွင် ပေါလ်သည် တစ်နေ့ (၁၀) ကြိမ်ခန့်စားသောက်နိုင်သူဖြစ်သည်။ ၎င်း၏ တစ်နေ့စားသောက်သည့် ကယ်လိုရီပမာဏမှာ ၂၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ ခွဲစိတ်မှုပြုပြီး နောက်ပိုင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ဟင်းလျာ အနည်းငယ်သာစားသည်ဟု ပေါလ်က ဆိုသည်။ ထို့အပြင် လျှပ်စစ်ဝှီးချဲပေါ် နေထိုင်ခဲ့ရသည့်ဘဝမှ ခွဲစိတ်မှုပြုပြီးနောက် လွတ်မြောက်ခဲ့ကြောင်း ပေါလ်မင်ဆန်က ပြောကြားခဲ့သည်။

ပြည်သူကိုချမပြရန် တားမြစ်ထားသောဒိုင်ယာနာ၏ဓာတ်ပုံ အများရှေ့မှောက်ပေါ်ထွက်လာ

ပြည်သူကို ချမပြရန်တားမြစ်ထားသည့် ဗြိတိန်တော်ဝင်မင်းသမီး ဒိုင်ယာနာ၏ ဓာတ်ပုံတစ်ပုံသည် အများပြည်သူရှေ့မှောက် ဇန်နဝါရီ ၄ ရက် အင်တာနက်သတင်းများ၌ ထွက်ပေါ်ခဲ့သည်။ တော်ဝင်တစ်ယောက်အနေဖြင့် အများအမြင်မတင့်သည့်ဓာတ်ပုံဖြစ်သဖြင့် တားမြစ်ထားရတဲ့ဓာတ်ပုံဖြစ်ကြောင်းသိရသည်။

ဒိုင်ယာနာမင်းသမီး ငယ်စဉ်ဆယ်ကျော်သက်အရွယ်က ထိုဓာတ်ပုံတွင် ဒိုင်ယာနာလဲလျောင်းနေသည့်ဘေး ယောကျ်ားလေးသူငယ်ချင်းတစ်ဦး ကပ်လျက်စာဖတ်နေသည့်ပုံဖြစ်သည်။

ထိုဓာတ်ပုံကို ချားလ်မင်းသားနှင့် စေ့စပ်ကြောင်းလမ်းကြောင်းကြေညာပြီး ဒိုင်ယာနာမင်းသမီး ဘာကင်ဟမ်နန်းတော်သို့ ရောက်ရှိပြီး ရက်ပိုင်းအတွင်း ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က ဒေးလီးမေးသတင်းဌာနက ရိုက်ယူသိမ်းဆည်းထားသည်ဟုဆိုသည်။ ထို့နောက်ပိုင်းတွင် ဒေးလီးမေးသတင်းဌာနက ကာရန်မော်ကွန်းတိုက်သို့ရောင်းချခဲ့သည်။ ၎င်းမော်ကွန်းတိုက်တွင် အများမမြင်အောင် ထိန်းသိမ်းထားခဲ့သော ဒိုင်ယာနာ၏ ထိုဓာတ်ပုံကို နယူးဟမ်ရှိုင်းယားရှိ RR လေလံရုံးတွင် ဇန်နဝါရီ ၁၇ ရက်၌ လေလံတင်ရောင်းချမည်ဖြစ်သဖြင့် ယခုကဲ့သို့ အများပြည်သူရှေ့မှောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဝေလမင်းသား ချားလ်နှင့် ဒိုင်ယာနာတို့နှစ်ဦးသည် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တရားဝင်စေ့စပ်ကြောင်းလမ်းခဲ့ကြ



သည်။ ၁၉၈၁ခုနှစ် ဇူလိုင် ၂၉ ရက်နေ့တွင် လက်ထပ်ထိမ်းမြားပြီး မင်္ဂလာပွဲဆင်နွှဲကျင်းပခဲ့သည်။ သားတော် မင်းသားဝီလျံနဲ့ ဟင်နရီတို့နှစ်ဦး ဖွားမြင်သည်။ ၁၉၉၆ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ချားလ်မင်းသားနှင့် ဒိုင်ယာနာမင်းသမီးတို့ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့အတွင်း ၁၉၉၇ ခုနှစ် ဩဂုတ် ၃၁ ရက်နေ့၌ ကားတိုက်မှုဖြစ်ပြီး ဒိုင်ယာနာမင်းသမီး ကွယ်လွန်ခဲ့သည်။

မောင်သံဆင့် - ရေးသားသည်

ပြည်တွင်းသတင်းနှင့်ဈေးကွက်

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၃ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၇၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း ၁၈ ခု မေးမြန်းဖြေကြားခြင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီရင်ခံစာ၊ တံတားဦးစီမံကိန်း၊ မြို့သာစက်မှုဥယျာဉ်စီမံကိန်းနှင့် ရောဝတီမြစ်ရေလွှမ်းမိုးမှုကာကွယ်ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးခြင်း၊ လွှတ်တော်၏သဘောထား ရယူခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ၂၆ ရက်မှ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် မှတ်တမ်းတင်ခြင်း ၇ ရပ်၊ မေးခွန်း ၁၃၇ ခု မေးမြန်းခြင်းနှင့် အဆိုနှစ်ခုတင်သွင်းခြင်းတို့ကို ပြန်လည်ရှင်းလင်းဖြေဆိုခြင်း၊ ဥပဒေကြမ်းတစ်ခုနှင့် နည်းဥပဒေတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာ ပန်းဆယ်မျိုးအလှကို အပြည့်အဝဖော်ပြနေသည့်ပြပွဲ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုသုခုမ ပညာလက်ရာများကို ဖော်ညွှန်းပြသနေသည့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) သင်းလုံးကျွတ် ပန်းချီ၊ ပန်းပုအနုပညာပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၄ ရက်မှ စတင်ကာ ပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသနေပြီဖြစ်သည်။

"ဒီပြပွဲကို အခုလိုပြသရခြင်းဟာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရေးနဲ့ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ဖို့၊ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုအနုပညာ ပန်း ၁၀ မျိုး ရှင်သန်ထွန်းကား ပြန့်ပွားစေဖို့နဲ့ မြန်မာ့အနုပညာရပ်တွေ၊ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုးပညာရပ်တွေကို လက်ဆင့်ကမ်းပြန့်ပွားစေဖို့အပြင် ကမ္ဘာ့အဆင့်တန်းမီ လက်ရာတွေကို နိုင်ငံတကာနယ်ပယ်မှာ ထင်ရှားပေါ်လွင်မှုရှိလာစေဖို့နဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ပန်းဆယ်မျိုးအနုပညာရှင်တွေ ရင်းနှီးတွေ့ဆုံပြီး ပညာချင်းဖလှယ်နိုင်ကာ စည်းလုံးညီညွတ်မှုရှိစေဖို့အတွက် ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးနီပိုဦးက ပြောပြသည်။

ပြပွဲခန်းမအတွင်း ပန်းဆယ်မျိုးအလိုက် ပြခန်းများဖြင့် ခင်းကျင်းပြသထားသည်မှာ စိတ်ဝင်စားစရာကောင်းသည်။ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်အသီးသီးတို့မှ ပန်းဆယ်မျိုးဆိုင်ရာ အနုပညာရှင် ၇၀၂ ဦးတို့၏ ပန်းချီကားပေါင်း ၉၉၂ ကားနှင့် ပန်းပုပေါင်း ၁၅၄ ခုတို့ကို ခင်းကျင်းပြသထားသည်။ **(အပေါ်ပုံ)**

ပန်းချီကားများကို ဆီဆေး၊ ရေဆေးနှင့် အခရိုင်းလစ်တို့ဖြင့် ပီပြင် ပြောင်မြောက်စွာ ရေးဆွဲထားသည်မှာ မြန်မာတို့၏ ချစ်စဖွယ်ဓလေ့စရိုက်၊ လှပပြီး ဆွဲဆောင်မှုရှိသော ရေမြေတောတောင်ရှုခင်းများ၊ သဘာဝသယံဇာတ ကြွယ်ဝမှု၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးသားဖြူစင် ဖော်ရွေမှုများကို ကိုယ်ပိုင်အနုပညာလက်ရာဟန်များဖြင့် ကြည့်ရှုသူရင်ထဲသို့ ထိရှခံစားရစေနိုင်သည့် လက်ရာများအဖြစ် မြင်တွေ့ရသည်။

ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အကြီးဆုံးပန်းချီကားမှာ ၈ပေ× ၅ ပေအရွယ်အစားဖြစ်ပြီး အသေးဆုံးပန်းချီကားမှာ ၁၂ လက်မ × ၁၀လက်မဖြစ်သည်။ ရေဆေးပန်းချီကား ၁၃၃ ကား၊ ဆီဆေးပန်းချီကား ၂၂၂ ကား၊ အခရိုင်းလစ်ပန်းချီကား ၆၀၀၊ ဖယောင်းပန်းချီကား ခုနစ်ကားအပါအဝင် အခြားကားများစွာကို မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပန်းပုလက်ရာတွင်လည်း သစ်သား၊ ဖိုက်ဘာ၊ ပလာစတာစသည်ဖြင့် အရွယ်စုံ၊ လက်ရာစုံ အတွေးအခေါ် အယူအဆမျိုးစုံတို့ဖြင့် နုရွသော၊ အသက်ဝင်သော၊ ဆွဲဆောင်မှုအပြည့်ရှိသော လက်ရာမြောက်သည့် ရုပ်တုများကို တွေ့မြင်ရသည်။

ပြပွဲခန်းမအတွင်း ပန်းဆယ်မျိုးအလိုက် ပြခန်းများဖွင့်လှစ်ပြသထားရာ ပန်းချီလက်တွေ့ရေးဆွဲမှုများ၊ လက်တွေ့ပန်းပုထုဆစ်မှုများ၊ နေ့စဉ် မော်ဒယ် အမျိုးသမီးငယ်နှစ်ဦး၏ ကိုယ်ဟန်ပြမှုအပေါ် လက်တွေ့ရေးဆွဲမှုများ၊ ပြပွဲလာကျောင်းသား ကျောင်းသူလေးများအနေဖြင့် လက်တွေ့ ပန်းချီ၊ ပန်းပု ရေးဆွဲထုဆစ်မှုများလည်း ရေးဆွဲပုံဖော်နိုင်သည်ဖြစ်ရာ ပြပွဲလာပြည်သူများနှင့် တစ်သားတည်းဖြစ်စေမည့် ပြပွဲလည်းဖြစ်သည်။

ပြပွဲလာပြည်သူများအနေဖြင့် ပုံတူရေးဆွဲလိုလျှင် ချက်ချင်းရေးဆွဲပေးမည့် အခွင့်အရေးများလည်းရှိနေပြီး မြန်မာ့ရိုးရာအနုပညာလက်ရာများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ ဘာသာရေးကိုးကွယ်မှုများ၊လှပသောသဘာဝရှုခင်းများကို တစ်ဝကြီးလေ့လာကြည့်ရှုခွင့် ရရှိစေမည့် အနုပညာပြပွဲပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဘုရင့်နောင်ကုန်စည်ဈေးကွက် ကြက်သွန်နီဈေးကျ

ရန်ကုန် ဇန်နဝါရီ ၄

ဇန်နဝါရီ ၃ ရက် (ကြာသပတေးနေ့) ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းပြီး စားအုန်းဆီဈေးနှုန်းမှာ ပြည်ပရောပြည်တွင်းမှာပါ ဈေးနှုန်းတက်လာသည်ဟု သိရသည်။

ဇန်နဝါရီ ၃ ရက်တွင် ဆိပ်ဖြူအသစ်ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၇၅-၆၀၀-၇၅၀ နှုန်း၊ တောင်တွင်း (သစ်) ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၅၀-၅၀၀-၆၀၀၊ မြင်းခြံ(သစ်) တစ်ပိဿာ ၃၀၀-၆၀၀-၇၀၀-၇၅၀၊ မြစ်သားအသစ် ၄၀၀-၇၅၀-၁၀၀၀-၁၀၅၀နှုန်း၊ စားအုန်းဆီ လက်ကားရောင်းဈေး တစ်ပိဿာ ၁၃၈၅ ကျပ်နှုန်းရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် မြင်းခြံကြက်သွန်နီများ တစ်ပိဿာအရွယ်အစားအလိုက် ငွေကျပ် ၂၅၀ မှ ၃၀၀ အတွင်း၊ မြစ်သားအမျိုးအစား ငွေကျပ် ၄၀၀ မှ ၂၀၀ အတွင်း ဈေးကျလာသည်ဟု သိရသည်။ ယခုအပတ် ကုန်စည်ဒိုင်ဖွင့်ရက်လေးရက်တွင် ကြက်သွန်နီပိဿာချိန် ရှစ်သိန်းသုံးသောင်းဝန်းကျင်ဝင်ရောက်ကြောင်း သိရသည်။

စားအုန်းဆီ မလေးရှား FOB တစ်တန် ဈေးနှုန်းမှာ ဒီဇင်ဘာလကုန်တွင် ၈၁၅ ဒေါ်လာနှုန်း၊ ဆိပ်ကမ်းရောင်းဈေးနှုန်း (အရင်းဈေး) တစ်ပိဿာ ငွေကျပ် ၁၃၇၀ နှုန်းရှိခဲ့သော်လည်း ဇန်နဝါရီ ၂ ရက်တွင် ၈၃၅ ဒေါ်လာနှုန်း အရင်းဈေးနှုန်း ၁၄၀၂ ကျပ်သို့ ဈေးတက်လာသည်ဟု သိရသည်။ ဆီဈေးကွက်တွင် ဒီဇင်ဘာလကုန်ပိုင်း ရောင်းချခဲ့သော ဇန်နဝါရီလအတွက် ကြိုတင်ရောင်းဈေးမှာ တစ်ပိဿာလျှင် ဆီထုတ်ယူသည့်ဆီကန် အနီးအဝေးအလိုက် ငွေကျပ် ၁၃၂၀ နှင့် ၁၃၃၅ ကျပ်နှုန်းရှိခဲ့ရာ လက်ရှိအခြေအနေအရ ကြိုတင်ဝယ်မိသူများ အမြတ်စွန်းရနေသည်ဟု သိရသည်။

မန်ကျည်းအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်ချိန်တွင် တစ်ပိဿာ ငွေကျပ် ၇၀၀ ဖြစ်သော်လည်း ဝယ်လိုအားများပြီး ပစ္စည်းဝင်ရောက်မှုနည်းသဖြင့် နယ်မှကုန်ပို့မှုများလာရန် မန်းကျည်းဒါးဇင်းအသစ်ဈေးနှုန်း ဇန်နဝါရီ ၃ ရက်တွင် ၇၅၀-၈၀၀ ကျပ်နှုန်းသို့ မြင့်တက်လာကြောင်း၊ မန်ကျည်းအသစ်ပွင့်ကပ်အမျိုးအစား တစ်ပိဿာ ၉၀၀ ကျပ်နှုန်းဈေးဖွင့်သော်လည်း မန်ကျည်းအဟောင်းပွင့်ကပ်မှာ တစ်ပိဿာ ၆၀၀ ကျပ်နှုန်းသာရှိနေပြီး ဈေးကွက်တွင် မန်ကျည်းအဟောင်းများစွာ လက်ကျန်ရှိနေသေးသည်ဟု သိရသည်။

ရှမ်းငရုတ်ရှည်များ တစ်ပိဿာ ငွေကျပ် ၁၈၀၀ ဝန်းကျင်၊ ကျောက်ရဲငရုတ်ရှည် တစ်ပိဿာငွေကျပ် ၂၅၀၀ နှုန်းရှိနေပြီး ခြောက်အားလိုကြောင်း၊ အသစ်ထွက်နေသော ဆင်ဖြူကျွန်း ငရုတ်ပွများမှာ ယခင် ဒီဇင်ဘာနောက်ဆုံးပတ်အတွင်း တစ်ပိဿာ ငွေကျပ် ၆၀၀၀ ဝန်းကျင်ရှိသော်လည်း ဇန်နဝါရီ ၃ ရက်တွင် ငွေကျပ် ၄၅၀၀၊ ၄၆၀၀နှုန်းအတွင်းသာရှိနေသည်ဟု သိရသည်။

ဇန်နဝါရီ ၁ ရက်မှစ၍ တရားဥပဒေအရ တရားမဝင် နယ်စပ်ကုန်သွယ်မှုကို အရေးယူမည်ဆိုသော သတင်းနှင့်အတူ ပြည်ပမှ တင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေ ကျပ်၁၉၀၀-၁၉၅၀ နှုန်းသို့မြင့်တက်လာရာ တစ်ပတ်အတွင်း တစ်ပိဿာ ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးတက်လာသည်ဟု သိရသည်။ **ခင်ဆိုင်**

လယ်သမားများ စပါးဈေးနှုန်း ညှိနှိုင်းပေး

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်ဆန်ကုန်စည်ဒိုင် ဇန်နဝါရီ ၄ ရက် ဈေးနှုန်းများမှာ ၂၅ မှတ် ဧည့်မထဆန်တစ်အိတ်ငွေကျပ် ၁၁၄၀၀-၁၁၅၀၀ နှုန်း၊ ရာကျော်ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀-၁၂၀၀၀နှုန်း၊ ဧည့်မထရှယ်ထိပ်စတစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀-၁၄၅၀၀ နှုန်း၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀-၁၄၇၀၀ နှုန်း၊ ပေါ်ဆန်းအသစ်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀-၂၂၀၀၀ နှုန်း၊ ပေါ်ဆန်းအဟောင်း တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀-၂၇၀၀၀ နှုန်း၊ ရွှေဘိုပေါ်ဆန်းသစ် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀-၂၆၅၀၀နှုန်း၊ ရွှေဘိုပေါ်ဆန်းဟောင်း တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀ နှုန်းရှိကြောင်း သိရသည်။

၂-၃-၄ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၉၄၀၀-၉၅၀၀ နှုန်း၊ ၁-၂ ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၉၆၀၀- ၉၇၀၀ နှုန်း၊ ၁- ဆလယ်ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀-၁၀၀၀၀ နှုန်းရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ရွှေဘိုပေါ်ဆန်း ဆန်သစ်များ ရန်ကုန်ဈေးကွက်သို့ ရောင်းချလာရာ ပေါ်ဆန်းဟောင်းထိပ်စဈေးနှုန်း ဝန်းကျင်ရှိနေသည်ဟု ဆိုသည်။ စပါးကြမ်းခင်းဈေးများ ကျဆင်းမှုကြောင့် သက်ဆိုင်ရာမှ စပါးဈေးနှုန်း လယ်သမားများအပေါ် ထိခိုက်နစ်နာမှုမရှိသော ဈေးနှုန်းဖြစ်ရန် ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်းသတင်းများ ပေါ်ထွက်လာရာ လယ်သမားများအနေဖြင့် အလျှင်အမြန် တိုက်ရိုက်အကျိုးခံစားမှုရသော ဈေးနှုန်းဖြစ်လာရန် မျှော်လင့်နေကြောင်း သိရသည်။ **ခင်ဆိုင်**

ဆားလင်းကြီးဈေးသို့ လှိုင်လှိုင်ဝင်လာသော ခရမ်းချဉ်

ဆားလင်းကြီး ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်သည် အပူပိုင်း မိုးနည်းဒေသဖြစ်၍ ယခင်က မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကောင်းမှသာ ရာသီအလိုက် ထွက်ရှိသောအသီးအနှံ ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသုံးခဲ့ကြပါသည်။

ယခုတော့ဖြင့် ယခင်လိုမဟုတ်တော့ပါ။ ကျေးလက်နေတောင်သူဦးကြီးများ အသိပညာဖွံ့ဖြိုးတိုးတက်လာကြပါပြီ။ ရေသွင်း၍ စိုက်သော ပဲသီး၊ ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်၊ ဗူး၊ ဖရုံ အစရှိသော ဟင်းသီးဟင်းရွက်များကို ရာသီမရွေး စိုက်ပျိုးကြသဖြင့် စားသုံးသူအများပြည်သူတို့မှာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနေကြပြီဖြစ်သည်။

ဆာလင်းကြီးမြို့၏ မြို့မဈေးအတွင်း၌ ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ၁၅၀ ကျပ်နှုန်းနှင့် ရောင်းချဝယ်ယူနေကြပါသည်။ စာရေးသူမှ ခရမ်းချဉ်သီးရောင်းချသူအားသွားရောက်မေးမြန်းကြည့်ရာ ရောင်းချနေသူက "ပြီးခဲ့တဲ့လတွေက ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၊ ၈၀၀ နှင့် ရောင်းခဲ့ရတဲ့အတွက် ခရမ်းချဉ်စိုက်သူတွေမှာ အရင်းလည်းကျေ အမြတ်လည်းရပြီးပါပြီ။ ယခုဈေးကတော့ အပင်သစ်သီးတွေ ဝင်လာတာမို့ လက်ကျန်ရောင်းချနေတာဖြစ်ပါတယ်"ဟု ပြောပြသည်။

ယခုလိုစားသုံးသူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနေခြင်း၊ အသီးအနှံ ဟင်းသီးဟင်းရွက်များ ပေါများစွာဝင်ရောက်လာခြင်းသည် ၂၀၁၃ နှစ်ဦးရဲ့ မင်္ဂလာရှိသော နိမိတ်ပင်ဖြစ်လိမ့်မည်ဟု ယုံကြည်မိကြောင်း ပြောကြားသည်။

ဦးငယ် (ဆားလင်းကြီး)

အင်းတော်တွင် နေကြာများ အောင်မြင်ဖြစ်ထွန်း

စစ်ကိုင်း ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ အင်းတော်မြို့နယ်အတွင်းတွင် ရှိသော မဲဇာချောင်းကမ်းဘေးတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသော နေကြာခင်းများတွင် စိုက်ပျိုးပြီးသော နေကြာခင်းအားလုံးလိုပင် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ ဆောင်းသီးနှံ နေကြာစိုက်ပျိုးဖို့ ၂၀၁၂-၂၀၁၃ခုနှစ်မှာ လျာထားတဲ့ဧက ၉၉၈၁ဧက ဖြစ်ပါတယ်၊ အခုကျွန်တော်တို့မြို့နယ်မှာ နေကြာစိုက်ပျိုးပြီးတဲ့ စိုက်ဧကပေါင်း ၈၇၈၇ ဧကရှိသွားပြီဖြစ်ပါတယ်၊ နေကြာစိုက်ဖို့ရာ ကျန်နေကြာစိုက်ဧကအားလုံး ဇန်နဝါရီလကုန်လောက်မှာ စိုက်ပျိုးပြီးစီးနိုင်ကြမှာပါ။ အခုကျန်တဲ့ စိုက်ဧကတွေက ရိုးပြတ်လယ်တွေမှာ နေကြာစိုက်မယ့်စိုက်ခင်းတွေပဲ ကျန်တော့တယ်။ ဒီနှစ်နေကြာစိုက်ပျိုးပြီးတဲ့ စိုက်ခင်းတွေကတော့ အတော်လေးဖြစ်ထွန်းပြီး နေကြာခင်းတွေအားလုံးလို အောင်မြင်နေကြပါတယ်" ဟု အင်းတော်မြို့နယ် မြေစာရင်းဦးစီးဌာနဦးစီးအရာရှိ ဦးစောထွေးဦးက ရှင်းလင်းပြောကြားခဲ့သည်။

အင်းတော်မြို့နယ်တွင် မဲဇာချောင်းဘေးဝဲယာ၊ နေကြာစိုက်ခင်းများနှင့် နမီးချောင်းဘေး၊ လေးတန်ချောင်းဘေးဝဲယာများတွင်ရှိသော ဆောင်းသီးနှံနေကြာစိုက်တောင်သူများ၏ ယခုအစောပိုင်း စိုက်ပျိုးထားပြီးဖြစ်သော နေကြာစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေကြာစိုက်ခင်းများသို့ ရောက်သူတိုင်း အားရကျေနပ်လျက်ရှိနေကြကြောင်း သိရသည်။

လေပွေနီ (အင်းတော်)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်

သတင်းလုလင်-ရေးသားသည်

မြန်မာနိုင်ငံ၌ ၂၀၁၄ခုနှစ်တွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်တော့မည်ဖြစ်ရာ ပြင်ဆင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ နှစ်ပေါင်း၃၀ ကာလအတွင်း ပထမဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကုလသမဂ္ဂ(ယူအင်န်အက်ဖ်ပီအေ)နှင့်အတူ အခြားပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းမှာ အလွန်အရေးကြီးသည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပြီး လူဦးရေစာရင်း အတိအကျကို သိရှိမှသာလျှင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီမံခန့်ခွဲရေးစသည့် လုပ်ငန်းများအတွက် ခိုင်လုံပြီး တိကျမှန်ကန်သော အချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂတာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ဒီဇင်ဘာလလယ်ခန့်က ပြည်တွင်းမီဒီယာသမားများနှင့် တွေ့ဆုံခဲ့ရာ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သိရှိလိုသည်များကို မေးမြန်းခွင့်ရရှိခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အဖွင့်အမှာစကား ပြောကြားရာတွင်- "မြန်မာနိုင်ငံမှ လွတ်လပ်ရေးရပြီးချိန် နောက်ပိုင်း ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း ကို ၁၉၇၃ ခုနှစ်မှာ ပြုလုပ်ခဲ့ပါတယ်။ နောက်ဆယ်နှစ်အကြာ ၁၉၈၃ ခုနှစ်မှာ နောက်ထပ်တစ်ကြိမ် ကောက်ယူခဲ့ပါတယ်။

"၁၉၈၃ ခုနှစ် နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးနဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ လူဦးရေဆိုင်ရာ အချက်အလက်များကို သိရှိနိုင်ဖို့ကို နိုင်ငံလွှမ်းခြုံတဲ့ လူဦးရေဆိုင်ရာ နမူနာစစ်တမ်းတွေကို ၁၉၉၁ ခုနှစ်ကစလို့ မကြာခဏပြုလုပ်ခဲ့ပါတယ်။ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့မှာ လူဦးရေစာရင်းကို တရားဝင်ထုတ်ပြန်ပေးလာခဲ့ပါတယ်။

"အခြားကမ္ဘာ့နိုင်ငံ တွေမှာ ၁၀နှစ်တစ်ကြိမ်ဆိုသလို ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူလေ့ ရှိကြပါတယ်။

"မြန်မာနိုင်ငံအတွက် အစိုးရအဖွဲ့ သစ်လက်ထက်မှာ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ဖို့ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရတဲ့ အကြောင်းအရင်းကတော့ up-to-Date လူဦးရေသတင်းအချက်အလက်တွေရရှိခြင်းဖြင့် တိကျမှန်ကန်တဲ့ စာရင်းဇယားတွေ ရရှိနိုင်ဖို့ဖြစ်ပါတယ်။ အနာဂတ်စီမံကိန်းတွေ ရေးဆွဲဖို့ တိကျမှန်ကန်တဲ့ ကိန်းဂဏန်းတွေလိုအပ်ပါတယ်။

"နောက်တစ်ချက်က ၂၀၁၁ ခုနှစ် မတ်လ ၁၅ ရက်မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မိုင်းပန် မဲဆန္ဒနယ်မြေက လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူဖို့ အစီအစဉ်ရှိ၊ မရှိ မေးခွန်းတင်သွင်းခဲ့ပါတယ်။

"နိုင်ငံရဲ့ လိုအပ်ချက်လည်းဖြစ်၊ ပြည်သူ့အသံ လွှတ်တော်အသံလည်း ဖြစ်တာကြောင့် နိုင်ငံတော်အကြီးအကဲက သန်းခေါင်စာရင်းကောက်ယူဖို့ လမ်းညွှန်ခဲ့ပါတယ်။ ဒီအချက်နှစ်ချက်ကြောင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

"ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အဆင့်လေးဆင့်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမအဆင့်က ကြိုတင်ပြင်ဆင်ခြင်း အဆင့်ဖြစ်တယ်။ ဒုတိယအဆင့်က မြေပြင်မှာ ဆင်းပြီးစာရင်းကောက်တဲ့ အဆင့်ဖြစ်ပါတယ်။ တတိယအဆင့်ကတော့ ကောက်ပြီးသားစာရင်းတွေကို ပြန်လည်စုစည်းပြီးတဲ့ဆန်းစစ်လေ့လာအဆင့်နဲ့ နောက်ဆုံးအဆင့်ကတော့ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ဖို့ အဆင့်ဖြစ်ပါတယ်။

"ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဟာ ရှုပ်ထွေးပြီး ကြီးမားတဲ့ စီမံကိန်းကြီးတစ်ခုဖြစ်လို့ သုံးနှစ်နီးပါးကြိုတင်ပြင်ဆင် အချိန်ယူ ဆောင်ရွက်ရပါတယ်။

"မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၃၀ လောက်ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူတဲ့လုပ်ငန်းနဲ့ အလှမ်းဝေးနေခဲ့တာကြောင့် ကြိုတင်ပြင်ဆင်ခြင်း အဆင့်ကို အချိန်ယူဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ခြင်းအဆင့်မှာ အရေးအကြီးဆုံးဖြစ်တဲ့ ရှေ့ပြေး(စမ်းသပ်) သန်းခေါင်စာရင်း ကောက်ယူမှုကို ၂၀၁၃ ခုနှစ် မတ်လ ၃၀ရက်မှ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ပြုလုပ်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးအတွက် ပြင်ဆင်ထားသမျှကို စမ်းသပ်တဲ့ သဘောဖြစ်ပါတယ်။

"၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းမှာ De-Facto မူလို့ခေါ်တဲ့ တွေ့တဲ့အရပ်မှာ ကောက်ယူတဲ့မူနဲ့ Canvasser Method လို့ခေါ်တဲ့ စာရင်းကောက်များက တစ်အိမ်တက်ဆင်း ကောက်ယူတဲ့ နည်းလမ်းများကို အသုံးပြုနိုင်ပါတယ်။ Canvasser နည်းကတော့ မျက်နှာချင်းဆိုင် အင်တာဗျူးလုပ်တဲ့နည်းပါ။ စာရင်းကောက်မယ့် ဆရာမလေးတွေက အိမ်တိုင်ရာရောက်သွားပြီး မေးခွန်းတွေမေးမယ်။

"စာရင်းကောက်ကွက် တစ်ကွက်မှာ အိမ်ခြေ ၁၀၀ မှ ၁၅၀ ကြား ပါဝင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေသန်း ၆၀ လောက်၊ အိမ်ထောင်စုက ၁၁ သန်းလောက်ရှိမယ်လို့ ခန့်မှန်းထားတာဆိုတော့ ကောက်ကွက်ပေါင်း ၁၀၀၀၀၀ လို့ သတ်မှတ်တယ်။

"၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူတဲ့ လုပ်ငန်းမှာ စာရင်းကောက်သူများအဖြစ် မူလတန်းပြဆရာ၊ ဆရာမ ၁၀၀၀၀၀ကို သုံးပါမယ်။ ကြီးကြပ်ကွပ်ကဲဖို့ စာရင်းကောက်ကွက်ငါးကွက်မှာ တစ်ယောက်နှုန်းနဲ့ ကြီးကြပ်သူ ၂၀၀၀၀ ကို သုံးပါမယ်။ ကြီးကြပ်သူများအဖြစ် အလယ်တန်းပြနဲ့ အထက်တန်းပြ ဆရာ၊ ဆရာမတွေက တာဝန်ယူပါမယ်။

"ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ပါဝင်ကူညီမယ့် အမျိုးသားရေးလှုပ်ရှားမှု အစီအစဉ်တစ်ခုဖြစ်တယ်။

"သန်းခေါင်စာရင်း ကောက်ယူရာမှာ ခေတ်မီနည်းစနစ်တွေ အသုံးပြုမှာကြောင့် သင်တန်းတွေကိုလည်း ပေးရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက တာဝန်ရှိသူတွေနဲ့ ပုံမှန်တွေ့ဆုံပြီး သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောဆိုတဲ့ အလုပ်ကိုလည်း လုပ်ကြရပါတယ်။

"လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့်နိုင်ငံအတွင်း လူဦးရေဆိုင်ရာ သတင်းအချက်အလက်တွေကို အတိအကျသိရပြီး လက်ရှိနဲ့ အနာဂတ်စီမံကိန်းတွေ ရေးဆွဲချမှတ်ရာမှာ အထောက်အကူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

"သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်တစ်ရပ်လုံးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းပြီးဖြစ်တယ်။ ဒီကော်မရှင်မှာ ကျွန်တော်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများက အဆင့်မြင့်တာဝန်ရှိသူတွေဖြစ်တဲ့ အဖွဲ့ဝင် ၁၉ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။

"ဗဟိုသန်းခေါင်စာရင်းကော်မရှင်ရဲ့ အခွင့်အာဏာနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စုအဆင့် သန်းခေါင်စာရင်းကော်မတီများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

"ကုလသမဂ္ဂ အေဂျင်စီတစ်ခုဖြစ်တဲ့ UNFPA ကလည်း အကူအညီများကို ပေးသွားမှာဖြစ်ပြီး သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကြီးတစ်ရပ်လုံးအတွက် နည်းပညာအကြံပေး ပုဂ္ဂိုလ်တစ်ဦးထားရှိရာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်"ဟူ၍ မိန့်ကြားခဲ့သည်။

စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့သော ဒေသများ၌ သန်းခေါင်စာရင်း ကောက်ယူရာတွင် အခက်အခဲများ ရှိနိုင်ခြင်းရှိ၊မရှိ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဖြေကြားရာတွင်- "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၁ဖွဲ့အနက် ၁၀ ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့တွေရှိပြီး အုပ်ချုပ်ရေးစနစ်ရှိပြီးသား ဖြစ်တာကြောင့် ဆက်သွယ်ရေးယန္တရားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် အခက်အခဲမရှိနိုင်ကြောင်း" ရှင်းပြခဲ့သည်။

မီဒီယာသမားများနှင့် တွေ့ဆုံပွဲ၌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က- "ပြည်လုံးကျွတ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံးမှာ တစ်ပြိုင်နက် ကောက်ယူသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ည ၁၂ နာရီ (သန်းခေါင်ယံ)ကို သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိနေသူတွေ အားလုံးကို ကောက်ယူသွားမှာပါ"ဟူ၍ ပြောကြားခဲ့သည်။

UNFPA Representative ဖြစ်သူ Mr. Mohamed Abdel-Ahad က မေးမြန်းချက်ကိုဖြေကြားရာတွင်-"UNFPA အနေနဲ့ မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ၁၉၇၃ ခုနှစ်နဲ့ ၁၉၈၃ ခုနှစ်တို့မှာ အကူအညီပေးခဲ့ပြီးဖြစ်တယ်။ ဒီတစ်ကြိမ်မှာလည်း အကူအညီ ဆက်ပေးသွားမှာဖြစ်တယ်။

" UNFPA ရဲ့ Chief Technical Adviser ဖြစ်သူ Mr. Fredrick Oyo က မြန်မာနိုင်ငံမှာ သုံးနှစ်ကြာနေထိုင်ပြီး အနီးကပ် ကြံပေးလျက်ရှိပါတယ်။ UNFPA ရဲ့ အကူအညီပေးရေး လုပ်ငန်းတွေမှာ GIS နည်းပညာသုံးမြေပုံများ ထုတ်လုပ်ရေးလုပ်ငန်း၊ သန်းခေါင်စာရင်း မေးခွန်းလွှာပြုစုတဲ့လုပ်ငန်း၊ အချက်အလက်များကောက်ယူရေးလုပ်ငန်း၊ အချက်အလက်တွေကို စုစည်းပြီးပြန်လည်သုံးသပ်တဲ့လုပ်ငန်း၊ လူထုဆက်သွယ်ရေးနဲ့ ပညာပေးရေးလုပ်ငန်း၊ အစီရင်ခံစာထုတ်ပြန်တဲ့ လုပ်ငန်းတွေပါဝင်ပါတယ်။

"သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းမှာ နှစ်ပေါင်း ၃၀မျှ အတွေ့အကြုံပြတ်လပ်ခဲ့တဲ့ မြန်မာနိုင်ငံကို အကြံဉာဏ်ပေးမယ့်အပြင် နည်းပညာအကူအညီတွေ ပေးသွားပါမယ်။ UNFPA ရဲ့ အကြံပေးပုဂ္ဂိုလ်တွေက အကြံဉာဏ်တွေ ပေးမယ့်အပြင် မြန်မာနိုင်ငံမှာရှိတဲ့ UNFPA ဝန်ထမ်းတွေကိုလည်း နည်းပညာ သင်တန်းတွေပေးသွားပါမယ်။ ဒါ့အပြင် ဗန်ကောက်အခြေစိုက် UNFPA ဒေသဆိုင်ရာရုံးမှ အကြံပေးပုဂ္ဂိုလ်ကလည်း သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် သူ့အတွေ့အကြုံတွေကို မျှဝေပေးမှာဖြစ်ပါတယ်။

" UNFPA ရဲ့ဌာနချုပ်ရုံးမှာလည်း သန်းခေါင်စာရင်းကောက်ယူတဲ့ လုပ်ငန်းအတွေ့အကြုံရှိတဲ့ပညာရှင်တွေ ရှိတဲ့အတွက် မြန်မာနိုင်ငံကို အကူအညီပေးသွားမှာ ဖြစ်ပါတယ်။

"မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်း ကောက်ယူရာမှာ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီ လုပ်ကိုင်နိုင်အောင် ကူညီပါမယ်။ သန်းခေါင်စာရင်းကောက်ယူရာမှာ တွေ့ကြုံနိုင်တဲ့ အခက်အခဲတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းနိုင်မယ့် နည်းစနစ်တွေကို ဖော်ဆောင်သွားပါမယ်။

"၂၀၁၃ ခုနှစ်မှာ ပြုလုပ်မယ့်စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကလည်း အခက်အခဲတွေကို ဖြေရှင်းနိုင်စေဖို့ အထောက်အကူရမှာဖြစ်ပါတယ်။ နိုင်ငံတကာစံနှုန်းမီ သန်းခေါင်စာရင်းဖြစ်အောင် အရည်အသွေးရှိရှိ လုပ်ဆောင်နိုင်ဖို့ နိုင်ငံတကာနည်းပညာ အကြံပေး အဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းသွားပါမယ်။ ဒီအဖွဲ့မှာ ပြည်တွင်း၊ ပြည်ပက ပုဂ္ဂိုလ်တွေပါဝင်ပါမယ်။ အရေးကြီးတဲ့ လုပ်ငန်းတွေအတွက် နိုင်ငံတကာ အတွေ့အကြုံရှိသူတွေ ဒီကိုလာပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"၁၉၇၂ခုနှစ်က ရေးဆွဲခဲ့တဲ့ သန်းခေါင်စာရင်းဥပဒေကို ခေတ်စနစ်နဲ့အညီ မွမ်းမံပြင်ဆင်ထားပြီး လွှတ်တော်သို့ တင်ပြထားပါတယ်။

"မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂ အလှူရှင်နိုင်ငံတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မေးခွန်းလွှာပြုစုရေး ဆွေးနွေးပွဲတွေကို ကျင်းပခဲ့ရာမှာ အဖွဲ့အစည်းအသီးသီးက အကြံဉာဏ်တွေ ရယူဆောင်ရွက်ခဲ့ပါတယ်။

"သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၅သန်း ကုန်ကျမယ်လို့ခန့်မှန်းထားပြီး UNFPAက အမေရိကန်ဒေါ်လာ ငါးသန်း ထည့်ဝင်မှာဖြစ်တယ်။ မြန်မာနိုင်ငံ အစိုးရအဖွဲ့က အမေရိကန်ဒေါ်လာ ၁၅ သန်းကျခံဖို့ ကတိပြုထားပြီး လိုတဲ့ငွေကြေးအတွက် ကမ္ဘာ့အလှူရှင်နိုင်ငံတွေရဲ့ အကူအညီ လိုအပ်ပါတယ်။"

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၌ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက ပြောကြားရာတွင်-"ယခင်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းမှာ ကွန်ပျူတာစနစ်ကို အသုံးပြုခဲ့ပေမယ့် Dataတွေကို keyboard ကနေ လက်နဲ့ရိုက်ထည့်ရတဲ့ manual နည်းနဲ့ လုပ်ဆောင်ခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက် ယူတဲ့အခါမှာ OMR Scannerတွေသုံးပြီး ဆောင်ရွက်ပါမယ်။

အချက်အလက်ဖြည့်ပြီး မေးခွန်းလွှာတွေကို စကင်နာ(ရုပ်ပုံဖမ်းစက်)နဲ့ ဖတ်စေပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးမယ့် စနစ်ဖြစ်ပါတယ်။ အသုံးပြုမယ့် နည်းပညာအဆင့်မြင့်မှာ ဖြစ်တာကြောင့် ဝန်ထမ်းတွေကို သင်တန်းတွေပေးသွားမှာ ဖြစ်ပါတယ်"ဟူ၍ ရှင်းလင်းပြောဆိုသည်။

မေးခွန်းများကို ဆက်လက်ဖြေကြားရာတွင်-မေးခွန်းလွှာတွင် အဓိကမေးခွန်း (၄၁)ခု ပါရှိပြီး ရှေ့ပြေးသန်းခေါင်စာရင်း ကောက်ယူရာတွင်ရရှိမည့် အတွေ့အကြုံအရ မေးခွန်းလွှာကို ပြင်ဆင်နိုင်ကြောင်း၊ အသေးစိတ်မေးမြန်းခြင်းသည် အခွန်ကောက်ယူရန်မဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် အခြေခံသတင်းအချက်အလက်များ ရရှိရန်အတွက်သာ ဖြစ်ကြောင်း၊ Publicity Canaigh (ခေါ်)လူထုဆက်သွယ်ရေးနှင့် ပညာပေးလုပ်ငန်းအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၌ သန်းခေါင်စာရင်း ကောက်ယူသည့်အခါ မေးခွန်းလွှာ ဖြေဆိုသူ၏ ဖြေကြားချက်အတိုင်း မှတ်တမ်းတင်သွားမည် ဖြစ်ကြောင်း၊ ဗြိတိ သျှခေတ်မှတ်တမ်းများအရလည်းကောင်း၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေ စာရင်းထုတ်ပြန်ချက်များအရလည်းကောင်း၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားများတွင် ရိုဟင်ဂျာဟူ၍မရှိဘဲ Bangladeshi ဟူ၍သာရှိကြောင်း စသည်ဖြင့် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြား ခဲ့သည်။

UNFPA Representative ဖြစ်သူ Mr.Mohamed Abdel-Ahad က ဖြည့်စွက် ပြောကြားရာတွင် -"၂၀၁၂ ခုနှစ် ဧပြီလက ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနဲ့ ကုလသမဂ္ဂ ဒုတိယအတွင်းရေး မှူးချုပ်နဲ့ ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambia တို့က အကူအညီ ပေးရေး စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြတယ်။ ကျွန်တော်တို့က အဓိက အကူအညီပေးသွားမှာဖြစ်တယ်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေကိုချမှတ် လုပ်ဆောင်နေချိန်မှာ ကုလသမဂ္ဂ ကမ္ဘာ့နိုင်ငံများနဲ့အတူ မြန်မာနိုင်ငံကို အကူအညီပေးသွားပါမယ်"ဟု ရှင်းပြသည်။ "ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဟာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တာကြောင့် ဘယ်လိုအခက်အခဲတွေရှိနေပါစေ၊ နိုင်ငံစွမ်းအားနဲ့ ဖြေရှင်းလုပ်ကိုင်သွားပါမယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိဂုံးချုပ်ပြောကြားခဲ့သည်။

ပိတောက်ပင်ရေနံမှော် (၂၄)ကြိမ်မြောက် မီးလောင်

သရက် ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ရေနံမှော် ရေနံလက်ယက်တွင်းရှာဖွေတူးဖော် ထုတ်လုပ်ခွင့်ရ ရွှေရာသီကုမ္ပဏီ(အီးအက်စ်)လုပ်ကွက်အတွင်းရှိ အစမ်းတွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၂ နာရီခန့်က (၂၄)ကြိမ်မြောက် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေရာသီကုမ္ပဏီ လုပ်ကွက်အတွင်းရှိ တွင်းပိုင်ရှင် မျိုးမင်းဇော် ၃၃ နှစ် (ဘ)ဦးညဏ်ရွှေ အင်ဦးကျေးရွာ မိချောင်းရဲ မကွေးမြို့နယ်၏ အစမ်းတွင်း၌ ကရောင်းစက်ဖြင့် စက်မောင်း ထွန်းထွန်းဝေ ၂၅ နှစ် ဒေါပိုးစီကျေးရွာ ဒီမောဆိုမြို့နယ်နှင့် ဟန်မြင့်(ခ)ကိုမင်း ၃၁ နှစ် ကြီးတိုင်းကျေးရွာ သရက်မြို့နယ်တို့ ရေနံတူးနေစဉ် ပေ ၆၇၀ သို့အရောက် ရေနံတွင်းအတွင်းမှ ဆီထွက်လာပြီး မီးလောင်ခဲ့ရာ မွန်းတည့် ၁၂ နာရီထိ မီးငြိမ်းသတ်မရသေးကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

(၁၈၂)

ဖျာပုံမြို့၌ ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၅

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့ ၃ ရပ်ကွက် အောင်သုခ ၃ လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က လမ်းမုခ်ဦးတွင်ကျင်းပရာ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့မိ၊ မြို့ဖများ၊ စည်ပင်သာယာအဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ စည်ပင်အမှုဆောင်အရာရှိနှင့် မြို့မိ၊ မြို့ဖတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါကွန်ကရစ်လမ်း၏ စုစုပေါင်း အရှည်ပေ ၂၀၀၀ ကို ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃၂ သိန်း၊ စည်ပင်အဖွဲ့အစည်းမှ ထည့်ဝင်ငွေကျပ် ၉၅ဒသမ၂ သိန်း၊ စုစုပေါင်းငွေကျပ် ၁၂၇ ဒသမ ၂သိန်း အကုန်အကျခံ၍ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသည် မိုးများသောဒေသများဖြစ်သည့်အတွက် ကတ္တရာလမ်းများအစား မိုးရေဒဏ်ခံနိုင်သော သက်ဆိုင်ရာနည်းပညာများနှင့် အဆင့်မြင့်ကွန်ကရစ်လမ်းများကို ဖျာပုံမြို့တွင် ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(၀၇၁)

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ လူငယ်သင်တန်းဖွင့်လှစ်

ငပုတော ဇန်နဝါရီ ၅

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲရေးအတွက် ဆက်သွယ်ပညာပေးရေး စီမံချက်ဖြင့် Youth Information Corner(ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ လူငယ်အကျိုးဆောင်သင်တန်း)ကို ပုသိမ်ခရိုင် ငပုတောမြို့နယ် စမ်းချောင်း-စဥ့်အိုးဖိုကျေးရွာတွင် ဖွင့်လှစ်ခဲ့ရာ လူငယ်သင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ငပုတောမြို့နယ်စမ်းချောင်း-စဥ့်အိုးဖိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် အနီးဝန်းကျင်ကျေးရွာများမှ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ် ၄၂ ဦးကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း၊ ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန်ကို ဒီဇင်ဘာ ၂၂ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း၊ German Project၊ JOICFP နှင့် UNFPA တို့၏ အကူအညီဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ ကျန်းမာရေးပညာအရာရှိ ဦးမြင့်အောင်က ပြောကြားသည်။

သင်တန်းတက်ရောက်ခဲ့သော လူငယ်သင်တန်းသားများအနေဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိစေပြီး ကျေးရွာများအတွင်း ကွင်းဆင်း၍ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များ ကျန်းမာရေးအသိပညာဖွံ့ဖြိုးတိုးတက်လာသဖြင့် မိခင်သေနှုန်းနှင့် သားလျှောသားပျက်မှုနှုန်းများ ကျဆင်းစေရေးအတွက် ဆောင်ရွက်ပညာပေးရာတွင် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း စမ်းချောင်း-စဥ့်အိုးဖိုကျေးရွာအုပ်စု၊ ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးဟန်ဝင်းအောင်က ပြောကြားခဲ့သည်။ (မောင်ခန့်ငြိမ်း)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးတို့ စက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်းအတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

❐ **ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် ကရင်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဤနေရာတွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဥက္ကဋ္ဌနှင့်အဖွဲ့အား အမြဲတွေ့ဆုံဆွေးနွေးလိုပါကြောင်း၊ ကရင်အမျိုးသား အစည်းအရုံး၏ (၁၅)ကြိမ်မြောက် ကွန်ဂရက်တွင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်ခံရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ သမိုင်းနှင့်ချီပြီး ရှည်ကြာလှပြီဖြစ်သည့် မိမိတို့အချင်းချင်း လက်နက်ကိုင်ပဋိပက္ခကို မိမိတို့၊ ဥက္ကဋ္ဌတို့လက်ထက်မှာပင် အဆုံးသတ်ပြီး သမိုင်းတွင်ရစ်မည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရန် မိမိအနေဖြင့် ဆန္ဒပြင်းပြလျက်ရှိပါကြောင်း၊ ဥက္ကဋ္ဌအနေဖြင့်လည်း ငြိမ်းချမ်းသည့် လှူဘောင်တစ်ရပ်ကို ထူထောင်ရန် မိမိကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေသည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးတွင် မတူကွဲပြားမှုအချို့ရှိမည်ဖြစ်သော်လည်း တိုင်းပြည်အတွက် အကျိုးရှိစေမည့် တူညီသည့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားအားလုံးတန်းတူညီမျှ အတူတကွ ခံစားစံစားနိုင်ရေးအတွက် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပွင့်လင်းစပြုနေပြီဖြစ်သည့် မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်လွတ်မခံဘဲ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုနှင့် စာနာမှုတို့ဖြင့် ထာဝရငြိမ်းချမ်းသည့် လှူဘောင်တစ်ရပ်ကို အတူတကွ လက်တွဲပူးပေါင်းပြီး သစ္စာရှိရှိ၊ သတ္တိရှိရှိဖြင့် ထူထောင်ဆောင်ရွက်သွားကြပါစို့ ဟူ၍တိုက်တွန်းလိုပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးက နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံဆွေးနွေးရသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သမ္မတကြီးက ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ တစ်ဆင့် မိမိတို့အား တွေ့ဆုံရန် ဖိတ်ကြားခဲ့သည့်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း။

ထို့အတူ မိမိတို့အနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် တွေ့ဆုံဆွေးနွေးရန်လာရောက်ခြင်းဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးမှ စတင်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်ရန်အတွက် မိမိတို့ KNUအဖွဲ့က ဆန္ဒပြင်းပြလျက်ရှိပါကြောင်း၊ ယနေ့အခါတွင် နိုင်ငံတော်၌ အပြောင်းအလဲများ ရှိနေသည်ဖြစ်ရာ ဤအပြောင်းအလဲအတိုင်း လိုက်ပါဆောင်ရွက်ရန်သာရှိပြီး မိမိတို့အနေဖြင့် နောက်ဆုတ်ရန်မရှိပါကြောင်း။

နိုင်ငံတစ်ဝန်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲမှုများ ဖြစ်ထွန်းနေပြီဖြစ်သော်လည်း ကချင်ပြည်နယ်ပဋိပက္ခမှာမူ ငြိမ်းချမ်းရေးအတွက် အဟန့်အတားဖြစ်နေပါကြောင်း၊ ကချင်ဒေသငြိမ်းချမ်းရေးအတွက် မိမိတို့က မည်သို့ပံ့ပိုးကူညီနိုင်မလဲဆိုသည်ကို စဉ်းစားနေပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးချုပ် ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်လေးဦးတို့က ငြိမ်းချမ်းရေးဖော်ဆောင်မှုဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေး၊ အပစ်အခတ်ရပ်စဲမှု ပိုမိုခိုင်မာရေး၊ ဆက်ဆံရေးရုံးများ ဆက်လက် ဖွင့်လှစ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ဆွေးနွေးချက်များမှာ ပကတိအခြေအနေများနှင့် ကိုက်ညီပြီး အနာဂတ်မျှော်မှန်းချက်များလည်း များစွာပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့၏ဆန္ဒများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများရှိမည် ဖြစ်ပါကြောင်း၊ စိတ်ရှည်သည်းခံပြီး ကျော်လွှားသွားရန်ဖြစ်ပါကြောင်း၊ နိုင်ငံချစ်သည့်စိတ် အချုပ်အခြာအာဏာမဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ်လိုသည့်စိတ်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းလိုသည့်စိတ်များ တူညီစွာရှိကြပါကြောင်း၊ ထိုသို့ တူညီသည့်စိတ်ထားများ ရှိထားသည့်အတွက် ကျန်သည့်လုပ်ငန်းရပ်များကို ဆောင်ရွက်ရန် အခက်အခဲမရှိနိုင်တော့ပါကြောင်း၊ သို့သော်လည်း အချိန်ယူပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မတူကွဲပြားမှုများလည်း ရှိနိုင်ပါကြောင်း၊ မတူသည်များကိုဖယ်ရှားပြီး တူသည်များကို ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

KIA အဖွဲ့နှင့်အပစ်အခတ်ရပ်စဲပြီး နှစ်ဦးနှစ်ဖက် လိုလားချက်များ သဘောတူလက်ခံနိုင်သည့်အချက်များကိုထိတွေ့ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်မည်ဖြစ်ပါကြောင်း။

တိုင်းပြည်အနေဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်သည့် ရေခံမြေခံကောင်းများရှိသော်လည်း အခြားနိုင်ငံများထက် နောက်ကျနေပါကြောင်း၊ ယင်းမှာ နှစ်ပေါင်း(၆၀)ကျော် မငြိမ်မသက်မှုများကြောင့်ပင်ဖြစ်ပါကြောင်း၊ အဆိုပါ မငြိမ်းချမ်းမှုကို အနာဂတ် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေမပေးလိုကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင်ဤမီးကို ငြိမ်းသတ်ပေးလိုပါကြောင်း၊ ထိုကိစ္စကို မိမိတစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရနိုင်ဘဲ အားလုံးစုပေါင်းပြီး ဆောင်ရွက်မှသာ ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆင့်ဆင့်သော ဆွေးနွေးမှုများ ဆောင်ရွက်နေပါကြောင်း၊ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံရေးအဆင့်ဆွေးနွေးရာတွင် တိုင်းရင်းသားကိုယ်စားလှယ်အားလုံး ပါဝင်သည့် လွှတ်တော်သည် ဆွေးနွေးရန်အကောင်းဆုံးနေရာဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အတူတကွ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် မိသားစုဝင်ညီအစ်ကို မောင်နှမများဖြစ်ကြပါကြောင်း၊ အားလုံးအတူတကွ ပူးပေါင်းအဖြေရှာနိုင်မှသာ နိုင်ငံသားအားလုံး လိုလားသည့် ငြိမ်းချမ်းပြီး ဒီမိုကရေစီပြည့်ဝသည့်နိုင်ငံတော်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားအားလုံးအနေဖြင့် ကိုယ့်တိုင်းပြည်ကို ချစ်သည့်စိတ်၊ တည်ငြိမ်ပြီး အေးအေးချမ်းချမ်းနေလိုစိတ်ရှိသူများချည်းသာဖြစ်ကြောင်း၊ ယင်းတူညီမှုမှတစ်ဆင့် ကျန်နေသေးသည့် ညှိနှိုင်းရန် အချက်များကို ဥက္ကဋ္ဌတို့အပါအဝင် ဝိုင်းဝန်းကြိုးစားပေးကြစေလိုကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကို ကိုယ့်ကိုယ်ကိုခုခံကာကွယ်ရုံမှအပ စတင်တိုက်ခိုက်ခြင်းမျိုးမပြုလုပ်ရန် မှာကြားထားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သမိုင်းတွင်ရစ်မည့် ထာဝရငြိမ်းချမ်းရေး ရလိုပါကြောင်း။

ထိုငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်သို့ အမွေအဖြစ် ပေးခဲ့လိုပါကြောင်း၊ ယင်းမှာ မိမိတို့၏ စစ်မှန်သည့် ရိုးသားသည့် ဆန္ဒဖြစ်ပါကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဆိုလျှင် တစ်ခါမက အကြိမ်ကြိမ်အခါခါ ညှိနှိုင်းဆွေးနွေးသွားရမည်ဆိုလျှင်လည်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသအတော်များများတွင် ရာခိုင်နှုန်း ၈၀ ခန့်မှာ ငြိမ်းချမ်းရေးအရသာ ခံစားနေကြပြီဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး အပြည့်အဝခံစားရအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် လိုအပ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားကြောင်း၊ FDI Law ကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့များ လာရောက်နိုင်ရန်အတွက် နယ်မြေဒေသ အေးချမ်းတည်ငြိမ်ရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန်အတွက်လည်း အထူးစီးပွားရေးဇုန်များ ဖော်ဆောင်လုပ်ကိုင်နေပြီဖြစ်ပါကြောင်း၊ ယင်းအထူးစီးပွားရေးဇုန်များ အကောင်အထည်ပေါ်လာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှာဖြစ်ကြောင်း။

သယံဇာတခွဲဝေမှုနှင့် ပတ်သက်၍တိုင်းရင်းသားအကျိုးစီးပွားကို မထိခိုက်စေရန်၊ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို မထိခိုက်စေရန်၊ မိမိနိုင်ငံ၏အချုပ်အခြာအာဏာကို မထိခိုက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် သတိထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယင်းကိစ္စရပ်များဆောင်ရွက်ပေးနိုင်ရန်အတွက် ငြိမ်းချမ်းမှုအပေါ်မူတည်ပါကြောင်း၊ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုရှိရှိ၊ နားလည်မှုရှိရှိနှင့် စာနာမှုရှိကြလျှင် ပြဿနာများသည် အလွယ်တကူနှင့်ပြေလည်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေ ပေးခဲ့လိုပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံမှုများကို အချိန်မရွေး အကြိမ်ပေါင်းများစွာတွေ့ဆုံနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ တွေ့ခွင့်ရမည်ဟုလည်း မျှော်လင့်ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး အမှတ်တရစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ တော်ဝင်ကုမုဒြာဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်အစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) တို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးက KNU ခေါင်းဆောင်များနှင့် မကြာခဏတွေ့ဆုံသွားရန် ဖိတ်ကြားထားပါကြောင်း၊ ယနေ့ နိုင်ငံတော်သမ္မတကြီးနှင့်တွေ့ဆုံဆွေးနွေးမှုသည် အောင်မြင်သည့်ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးက နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်အရ ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံရာတွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပထမဦးစွာ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရပါကြောင်း၊ ဆက်လက်၍ ပီပီပြင်ပြင် ဖြစ်လာသည်အထိ ဆွေးနွေးသွားရမည်ဖြစ်ပါကြောင်း၊ ယခုကချင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ကိစ္စသည် ဆက်လက်တွေ့ဆုံဆွေးနွေးရန် အနှောင့်အယှက် မဟုတ်သော်လည်း အဟန့်အတား အနည်းငယ်ဖြစ်စေခဲ့ပါကြောင်း၊ သို့သော်လည်း ဆက်လက်၍ ငြိမ်းချမ်းရေးပီပြင်လာအောင်၊ ပြေလည်လာအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်ကိစ္စကိုလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းထောက်များ၏မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

တွေ့ဆုံ ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

❁ *ကျောဖုံးမှ*

ဖော်ဆောင်လုပ်ကိုင်နေသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းစဉ် အောင်မြင်ပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အတူ တက်ရောက်လာကြသူများသည် ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယသမ္မတက ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ရှေ့ဖုံးမှ*

ထုတ်ချေးသွားမည်ဖြစ်ပြီး ဂျပန်အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံ၏ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ဂျပန် နှစ်နိုင်ငံတို့အတွက် စီးပွားရေးလုပ်ငန်းများ ပူးတွဲလုပ်ကိုင်ရာ အဓိကနယ်မြေတစ်ခုဖြစ်လာမည်ဖြစ်ရာ ဂျပန်နိုင်ငံမှ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ လာရောက်အခြေချ လုပ်ကိုင်ရန် ဆွဲဆောင်နိုင်မည့် နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

နှုတ်ခွန်းဆက် စကားပြောကြား

ကရင်အမျိုးသား အစည်းအရုံး (KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ခွန်းဆက် စကားပြောကြားစဉ်။ (သတင်းစဉ်)

ကေအိုင်အေအဖွဲ့က မော်တော်ယာဉ်များဖမ်းဆီးမိုင်းခွဲဖျက်ဆီးခြင်း ဒေသခံအမျိုးသမီးများအား ဖမ်းဆီးခေါ်ဆောင်ခြင်း ရထားလမ်း၊ တံတားမိုင်းခွဲခြင်းများ ဆောင်ရွက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၅

ကေအိုင်အေအဖွဲ့သည် ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ကချင်ပြည်နယ်၌ မော်တော်ယာဉ်များအား ဖမ်းဆီးမိုင်းခွဲဖျက်ဆီးခြင်း၊ ဒေသခံအမျိုးသမီးများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရထားလမ်းမိုင်းခွဲခြင်း၊ တံတားမိုင်းခွဲခြင်းနှင့်မြို့ပေါ်၌မိုင်းထောင်ခြင်းများ ကျူးလွန်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမှ ပူတာအိုသို့ ထွက်ခွာလာသည့် ဘိလပ်မြေနှင့် သံချောင်း/သံပြားများ တင်ဆောင်ထားသည့်မော်တော်ယာဉ် သုံးစီးသည် မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်း မိုင်တိုင်အမှတ် (၉၁)သို့ ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီခန့်တွင်ရောက်ရှိစဉ် ကေအိုင်အေအဖွဲ့တစ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ယာဉ်နှင့်ယာဉ်ပေါ်ပါ ဘိလပ်မြေ ၁၆ တန်၊ သံချောင်း/သံပြား(၈) တန်တို့အား မိုင်းခွဲမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယာဉ်မောင်းများအား ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယာဉ်ပေါ်ပါ ဘိလပ်မြေနှင့် သံချောင်း/သံပြားများ တန်ဖိုးစုစုပေါင်း ငွေကျပ် ၉၈ သိန်းနှင့် သရီးကရောင်းပစ္စည်းတင်ယာဉ်သုံးစီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကေအိုင်အေအင်အား ၁၀ ဦးခန့်သည် ဇန်နဝါရီ ၃ ရက် နံနက် ၀၀ နာရီ ၄၅မိနစ်တွင် ဝိုင်းမော်မြို့နယ်နန့်ဝါ ကျေးရွာနေ မလငန်ခေါင်နော ၃၂ နှစ်၊ မလနေဒေါင်ညွယ် ၃၄ နှစ်နှင့် မလတုံယိန်းမျှော် ၂၈ နှစ်တို့ သုံးဦးအား နန့်ဇော်ယန်ကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အတူ ကေအိုင်အေအဖွဲ့သည် ဇန်နဝါရီ ၃ ရက် ည ၇ နာရီခွဲခန့်တွင် မိုးညှင်းမြို့နယ် ကာဒူနှင့် မော်ဟန်ကျေးရွာအကြား ရထားလမ်း မိုင်တိုင်အမှတ် (၆၂၀-၈/၉)တွင် ရထားလမ်းလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးအဖွဲ့ အားလက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်ခဲ့ကြောင်း၊ လူထိခိုက်ဆုံးရှုံးမှုမရှိ၊ ရထားလမ်းပျက်စီးမှု မရှိသော်လည်း မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာလာသော အမှတ် ၄၀ အဆန် အမြန်ရထားမှာ မော်ဟန်ဘူတာ၌ ခေတ္တရပ်နားစောင့်ဆိုင်းခဲ့ရပြီး ည ၉ နာရီခွဲခန့်တွင် မိုးညှင်းဘက်သို့ ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ကေအိုင်အေအဖွဲ့သည် ဗန်းမော်-မန်စီကားလမ်းပေါ်မှ အလျား ပေ ၂၈၀၊ အကျယ် ၁၂ ပေရှိ မံရွတ်ချောင်းကူးသံပေါင် ဘေလီတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတား ပေ ၂၀ ခန့် ပြိုကျသွားသဖြင့် လူ/ယာဉ် ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။

ထို့ပြင် ဇန်နဝါရီ ၃ ရက် ည ၁၁ နာရီခန့်တွင် ဗန်းမော်မြို့ ကြေးနန်ရပ်ကွက် ဗန်းမော်-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၃၇၈/၃) နှင့် (၃၇၈/၄) အကြား လမ်း၏ယာဘက် ကြံခင်းကျေးရွာသွား လမ်းခွဲအနီးတွင် မိုင်းတစ်လုံးပေါက်ကွဲပြီး ယင်းနေရာ၏ အနောက်ဘက် ကိုက် ၁၀၀ခန့်အကွာ၌ မိုင်းတစ်လုံးထပ်မံပေါက်ကွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် လူထိခိုက်ဆုံးရှုံးမှု မရှိဘဲ အုတ်ခုံနှင့် သံတိုင်အချို့ပျက်စီးမှုသာ ရှိခဲ့ကြောင်း၊ ကေအိုင်အေအဖွဲ့က ယာဉ်တန်းများ ဖြတ်သန်းမည်ဟု ထင်သဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု သိရှိရကြောင်း သက်ဆိုင်ရာပြည်နယ်မှ သတင်းများ ရရှိသည်။ **(သတင်းစဉ်)**

❋ *ကျောဖုံးမှ*

ဖြစ်သည်။ ပေးလိုက်ရသည့် ဂိုးများမှာလည်း ပြစ်ဒဏ်ဘောမှတစ်ဆင့် ပေးခဲ့ရပြီး မိနစ် ၂၀တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့်လျှံထွက်လာသည်ကို ဆီဗက်ကော့စကီးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်ပြီး ဒုတိယဂိုးကိုလည်း ၈၅ မိနစ်တွင် ကိုနေး အဒမ်မာက သွင်းယူခဲ့ခြင်းဖြစ်သည်။

(သုဝဏ္ဏကွင်း)

ဧယျာရွှေမြေ - တစ်ဂိုး (စည်သူဝင်း)

ဟံသာဝတီယူနိုက်တက် - ဂိုးမရှိ

ခြေညီသောအသင်းနှစ်သင်း တွေ့ဆုံခဲ့ကြ၍ ပွဲရလဒ်မှာ ပြတ်သားခြင်းမရှိဘဲ အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့ရသည်။ ဧယျာရွှေမြေအတွက် အနိုင်ဂိုးကို ၇၂ မိနစ်တွင် လူစားဝင်တိုက်စစ်မှူး စည်သူဝင်းက သွင်းယူပေးခဲ့သည်။

(KBZ ကွင်း)

Southern ၁-၀ ကမ္ဘောဇ

(ဇထူးကွင်း)

ရခိုင်ယူနိုက်တက် ၁- ၁ ရတနာပုံ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ညနေ ၄ နာရီ

မကွေး - နေပြည်တော်

(အောင်ဆန်းကွင်း)

ညနေ ၃ နာရီခွဲ

ရောဝတီ - မနောမြေ

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့်

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအသစ်များ ရွေးချယ်တင်မြှောက်

နေပြည်တော် ဇန်နဝါရီ ၅

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက် ကျင်းပခဲ့စဉ်က ယခုအခါ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်အား အများပိုင်ကုမ္ပဏီအဖြစ် အသွင်ပြောင်း၍ ဖွဲ့စည်းရန် အစီအစဉ်ရှိသည်ဖြစ်ရာ မူဝါဒရေးရာပိုင်းတွင် တာဝန်ယူဆောင်ရွက်ရသူများအနေဖြင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ရန် သင့်တော်မှုရှိ မရှိဟူသည့် အကြောင်းအရာနှင့် ပတ်သက်၍ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုပါအကြောင်းအရာမှာ ဆွေးနွေးသင့်သောကိစ္စဖြစ်ကြောင်း၊ မူဝါဒချမှတ်သူများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ကြီးကြပ်သူများနှင့် လက်တွေ့လုပ်ငန်း လည်ပတ်လုပ်ဆောင်သူများသည် သီးခြားစီဖြစ်သင့်သည်ဟု ယူဆကြောင်း၊ မူဝါဒချမှတ်သူ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း သတ်မှတ်သူ၊ ကြီးကြပ်ထိန်းသိမ်းသူနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်သူတို့ အဖွဲ့အစည်းတစ်ခုအတွင်း အတူတကွ ယှဉ်တွဲရှိနေခြင်းသည် ပွင့်လင်းမြင်သာမှု၊ မျှတသောယှဉ်ပြိုင်မှုနှင့် ကြီးကြပ်ထိန်းသိမ်းမှုကို အားနည်းစေနိုင်ကြောင်း၊ အများတကာ၏ အမြင်တွင် ထိုသုံးခု ရောထွေးယှက်တင်ရှိနေခြင်းသည် မသင့်တော်ကြောင်း၊ ထို့ကြောင့် မူဝါဒချမှတ်သူများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းသူများသည် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့တွင် ဆက်လက်မပါဝင်သင့်ဟု သုံးသပ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထိုဆွေးနွေးချက်အပေါ် ဒါရိုက်တာအဖွဲ့ဝင်များက ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးချက်မှာ သင့်လျော်မှန်ကန်မှုရှိသည့်အပြင် ပြောင်းလဲနေသော ခေတ်စနစ်အခြေအနေများနှင့်လည်း ကိုက်ညီပါကြောင်း ထောက်ခံဆွေးနွေးခဲ့ကြသည့်အတွက် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဒါရိုက်တာအဖွဲ့ဝင် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သုံးဦးတို့သည် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ထိုနေ့မှစ၍ဆက်လက်ပြီးပါဝင်ခြင်းမရှိကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ဆုံးဖြတ်ချက်အရ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ လစ်လပ်နေသည့်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနေရာများအား ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် အဖွဲ့ဝင်များမှ မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မော်က ၁၈ မဲဖြင့် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဝေမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရန်ဝင်းက ကိုးမဲဖြင့် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခံခဲ့ရကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ သဟဇာတဖြစ်အောင် နေထိုင်ပြုမူကျင့်ကြံ

နေပြည်တော် ဇန်နဝါရီ ၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာန၏အဆင့်ဆင့်သော ရာထူးနေရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် ယမန်နှစ်၏ ဝန်ကြီးဌာန လုပ်ငန်းတာဝန်များကို အကောင်းဆုံးဖြစ်အောင် ကြိုးစားထမ်းဆောင်ခဲ့ကြပြီး နောက် နှစ်ဟောင်းကို ကျော်လွှန်ဖြတ်သန်းခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်သစ်တွင်လည်း ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သော စွမ်းဆောင်ချက်များ၊ အကျင့်စရိုက်ကောင်းများ၊ လုပ်ရပ်ကောင်းများဖြင့် ဆက်လက်တာဝန်ထမ်းဆောင် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း၊ နှစ်ဟောင်းကာလတွင်ပြုလုပ်ခဲ့သည့်၊ ဖြတ်သန်းကျော်လွှန်ခဲ့သည့် လုပ်ရပ်များကို ပြန်လည် ဆင်ခြင်သုံးသပ်လေ့လာကြကာ ယင်းတို့၏ကောင်းကျိုး၊ ဆိုးကျိုးများအပေါ်အခြေခံ၍ လူတိုင်းကိုယ်စီ ကောင်းမွန်အောင် အရာရာတွင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေအနေနှင့် အချိန်အခါပေါ် မူတည်၍ လိုက်လျောညီထွေ သဟဇာတဖြစ်အောင် နေထိုင်ပြုမူ ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ လူတိုင်းကိုယ်စီ စုစည်းညီညွတ်စွာဖြင့် ပေါင်းစည်း၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့အတွက် ကိုယ်စီကိုယ်င ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဌာန အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၆) ခု မေးမြန်းဖြေကြားခြင်း၊ တင်ပြချက်တစ်ခုနှင့် အစီရင်ခံစာတစ်ခုတို့ကို ဆွေးနွေးရန်နှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းရန် ရက်သတ်မှတ်ကြေညာခြင်း၊ အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့သည့် အဆိုတစ်ခုကို ဆက်လက်ဆွေးနွေးရန် ရက်သတ်မှတ်ကြေညာခြင်းနှင့် အဆိုနှစ်ခုကိုအတည်ပြုခြင်း၊ အဆိုနှစ်ခုနှင့် အစီရင်ခံစာနှစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၄နာရီ ၂၅ မိနစ်တွင်ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

တောင်သမန်အင်းဒေသသို့ ဒီဇင်ဘာလထိ ဆောင်းခိုငှက်များလာရောက်ခဲ့

မန္တလေး ဇန်နဝါရီ ၅



တောင်သမန်အင်း ဒေသသို့ ဆောင်းခိုငှက်များ ပုံမှန်အတိုင်း နိုဝင်ဘာ နောက်ဆုံးပတ်တွင် စတင်ရောက်ရှိလာပြီဖြစ်သော်လည်း ယခင်နှစ်များထက် လာရောက်မှုသိသာစွာ လျော့နည်းလျက်ရှိကြောင်း၊ ဒီဇင်ဘာလကုန်ပိုင်းထိ ဆောင်းခိုငှက်များ တောင်သမန်အင်းဝန်းကျင်သို့ လာရောက်ခဲ့ကြောင်း၊ ယခုအချိန်ထိ ဒေါင်းလန်းခြေထောက်၊ ငဟစ်၊ ဟင်္သာများနှင့် တစ်ခါမျှ တောင်သမန်အင်းသို့ လာရောက်ဖူးခြင်းမရှိသော ဒေါင်းလန်းခြေထောက်ငှက်နှင့် ဆင်တူသော Predtiavoted အကောင် ၂၀ နှင့် ဟင်္သာနှင့်တူသော Common Shelduck တစ်ကောင်ကို ထူးခြားစွာတွေ့ရှိရကြောင်း ငှက်ကြည့်ပညာရှင် ဆရာဦးဇေမောင်သိန်းက ပြောကြားသည်။

"ဒေါင်းလန်းခြေထောက်ငှက်တွေဟာ ယခင်နှစ်ကဆိုရင် အကောင် ၃၀၀ ကနေ ၄၀၀ကြားအထိ လာရောက်ပါတယ်။ အခုနှစ်မှာတော့ အဲဒီအရေအတွက်ကို မမီသေးပါဘူး။ အများဆုံးကတော့ ဟင်္သာဖြစ်ပြီး အကောင် ၄၀ လောက်ရှိပါတယ်။ ဒေါင်းလန်းခြေထောက်ငှက်နဲ့တူတဲ့ Predtiavotedငှက်က ကိုယ်ထည်အနက်ကျားနဲ့နှုတ်သီးက အပေါ်ကိုကောက်နေပါတယ်။ ဟင်္သာနဲ့တူတဲ့ Common Shelduck က ကိုယ်ထည်အနက်မှာ အညိုအစက်လေးတွေပါတယ်။ လည်ပင်းနဲ့ခေါင်းက အနက်ဖြစ်ပြီး နှုတ်သီးက ပန်းရောင်ဖြစ်ပါတယ်။ ဆောင်းခိုငှက်တွေဟာ မတ်လအတွင်း တောင်သမန်အင်းဒေသကနေ မူရင်းဒေသကို ပြန်လေ့ရှိပါတယ်"ဟု ၎င်းက ပြောကြားသည်။

တောင်သမန်အင်းဒေသတွင် အင်းရေသည် ဒီဇင်ဘာလအထိရှိနေပြီး မြေပြင်တည်ရှိမှုနည်းနေ၍ ဆောင်းခိုငှက်များအစာရှာရန် ခက်ခဲသဖြင့် အခြားဒေသသို့ သွားရောက်ကြရာ ယခင်နှစ်များထက် လာရောက်မှုနည်းပါးသွားသည်။

ဒေါင်းလန်းခြေထောက်(Blacki -Winged Stilt)သည် နီကျင်ကျင် ခြေထောက်ရှိပြီး အဖြူနှင့် အနက်ရောင်ရှိ ငှက်မျိုးဖြစ်သည်။ ကိုယ်အလျား ၁၅ လက်မခန့်ရှိသည်။ ရေတွင်ပေါက်သော အပင်များ၏ အစေ့၊ ပိုးမွှား၊ ခရုငယ်များနှင့် ပိုးကောင်များကို စားသည်။ ဇွန်လမှ ဇူလိုင်လအတွင်း သားပေါက်သည်။

ငဟစ်(Grey heron)သည် မီးခိုးရောင်ဖျော့ဖျော့ ငှက်မျိုးဖြစ်သည်။ အဖြူရောင်ဦးခေါင်းနှင့်လည်တိုင်ရှိသည်။ လည်တိုင်တွင် အနက်ရောင်အကြောင်းအကျားများရှိသည်။ ကိုယ်အလျား လက်မ ၄၀ ခန့်ရှိသည်။ မတ်လမှ စက်တင်ဘာလအတွင်း သားပေါက်သည်။ မြန်မာနိုင်ငံအနောက်ပိုင်းမှ ပြောင်းရွှေ့ဝင်ရောက်လေ့ရှိသည်။

ဟင်္သာ (Ruddy Shhl-Duck)သည် လိမ္မော်နှင့် နီညိုရင့်ရောင်ရှိပြီး ငန်းနှင့်တူသည်။ ဦးခေါင်း ဝါနုရောင်၊ နှုတ်သီးနှင့်ခြေထောက် အနက်ရောင်ရှိသည်။ ကိုယ်အလျား ၂၅ လက်မခန့်ရှိသည်။ အောက်တိုဘာနှင့် နိုဝင်ဘာ အစောပိုင်းမှ ဧပြီလအတွင်းတွေ့ရသော ဆောင်းခိုငှက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒေသရင်းငှက်များသာမက ဆောင်းခိုငှက်များပါ ကျက်စားလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ငှက်မျိုးပေါင်း၊ မျိုးစိတ်ပေါင်း ၈၆၀၀ ကျော်ကို မျိုးစု ၁၆၀၀စု၊ မျိုးရင်း ၁၅၅ စု၊ မျိုးစဉ် ၂၇ စု၊ မျိုးပေါင်း ၁၃ စု သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် ငှက်အမျိုးပေါင်းမျိုးစိတ်ပေါင်းမှာ ၁၀၃၅ မျိုးဖြစ်ပြီး ၎င်းတို့အနက် ၇၅၆ မျိုးသည် မြန်မာနိုင်ငံတွင် အမြဲနေထိုင်ကျက်စားသော ငှက်မျိုးဖြစ်ပြီး ကျန် ၂၇၉ မျိုးသည် ဆောင်းရာသီတွင် မြန်မာနိုင်ငံသို့ လာရောက်လေ့ရှိသော ငှက်မျိုးများဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စာဆိုတော်နေ့ အထိမ်းအမှတ် ရှုံးရှိကျေးရွာ၌ ကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၅

ဂန့်ဂေါမြို့နယ် ရှုံးရှိကျေးရွာ ကျေးလက်တောရွာပြုပြင်ရေး စာကြည့်တိုက်ကော်မတီက ကြီးမှူးကျင်းပသည့် (၁၉) ကြိမ်မြောက်စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ည ၇ နာရီက လယ်တီဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါစာဆိုတော်ပွဲတွင် စာဆိုတော်နေ့အကြောင်း ဂုဏ်ပြုစပ်ဆိုသည့် သီချင်းကို စာကြည့်တိုက်အသင်းဝင်များက သံပြိုင်သီဆိုဖွင့်လှစ်ကြပြီး စာဆိုတော်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ဖတ်ကြားကြသည်။

ထို့နောက် ကလေးကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး ဒေသရိုးရာ ဓလေ့ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(၁၀၁)**

ပဲခူးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးနှင့် ဒိုက်ဦးမြို့နယ်များမှ သစ်တောဝန်ထမ်းများသည် တရားမဝင်သစ်ခိုးထုတ်နေမှုများကို ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ပဲခူးမြို့နယ် ကိုယ်တူကွဲကြိုးဝိုင်းမှ တရားမဝင် အခြားသားခွဲသား ၄ ဒသမ ၃၃၆၂ တန်၊ တောင်ဇာမရိကြိုးဝိုင်းမှ တရားမဝင်ပျဉ်းကတိုးခွဲသား၊ သစ်လုံး ၉ ဒသမ ၂၃၆တန်၊ တောင်ဇာမရိကြိုးဝိုင်း ကြက်ဖင်နီချောင်းအနီးမှ တရားမဝင်ကျွန်းခွဲသား ၉၃ချောင်း ၄ ဒသမ ၃၄၀၂ တန်၊ ဒိုက်ဦးမြို့နယ် ကောလိယကြိုးဝိုင်းမှ တရားမဝင်ကောင်းမှုခွဲသား ၁ ဒသမ ၀၆၂၆ တန် စုစုပေါင်း ၁၈ ဒသမ ၉၇၅တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး တရားခံများကို အရေးယူနိုင်ရန် စုံစမ်းဖော်ထုတ်ဆဲဖြစ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်၊ ကသာ၊ ကောလင်း၊ ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်များမှ သစ်တောဝန်ထမ်းများသည် တရားမဝင်သစ်ဖမ်းဆီးရေး လုပ်ငန်းများကို ဒီဇင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိဆောင်ရွက်ခဲ့ရာ အင်းတော်မြို့နယ် သဲချောင်းကျေးရွာ အနောက်ဘက် ဘုံချောင်းချောင်းဘေးမှ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၄၆၆ တန်၊ ကသာမြို့နယ် ပျဉ်းထောင်လေးရွာအထက် နှစ်မိုင်ခန့်မှ တရားမဝင် ပိတောက်ခွဲသား ၂ ဒသမ ၃၂၅ တန်၊ ကောလင်းမြို့နယ် သဖန်းတောင်ကြိုးဝိုင်းမှ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၄၂၆ တန်၊ ကလေးမြို့နယ် ဘုန်းကြိုးဝိုင်း၊ ကြာပင်ကြိုးဝိုင်း၊ ပန်းမတောင်ကြိုးပြင် ကာကွယ်တော၊ မြို့မဘိနယ် တောင်ချောင်းဘေးနှင့် ကလေးဝ-ယာကြီး ကားလမ်းဘေး မိုင်တိုင် ၁၀၇/ ၄တို့မှ တရားမဝင် ကျွန်း ၇ ဒသမ ၇၉၅ တန်၊ သစ်မာ ၁၃ ဒသမ ၁၆၀၂ တန်၊ ကလေးဝမြို့နယ် မဟာမြိုင်အပတော၊ ရွှေကျင်ကြိုးဝိုင်း၊ မဟာမြိုင်ကြိုးဝိုင်းတို့မှ တရားမဝင် သစ်မာ ၁၇ ဒသမ ၁၅၃၂ တန်၊ အခြားသား ၈ ဒသမ ၈၅၄၀ တန်၊ ချိန်းဆော ၂လက်၊ မင်းကင်းမြို့နယ် အင်တိုင်းကုန်း ကြိုးဝိုင်း၊ သံပေါက်ကြိုးဝိုင်း၊ ရှမ်းချောင်းရွာ၊ ပင်းဝင်ရွာ၊ စရိုကာကွယ်တော၊ မောက္ကတော်အဆိုပြုကာကွယ်တော၊ သဖန်းတုံးကာကွယ်တောတို့မှ တရားမဝင်ကျွန်း ၁ ဒသမ ၀၀၇ တန်၊ သစ်မာ ၂၈ ဒသမ ၆၀၈၈တန်၊ အခြားသား ၃၉ ဒသမ ၉၇၄၈ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး တရားခံများကို စုံစမ်းဆဲဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထော်လာဂျီယာဉ် တိမ်းမှောက် တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

မော်လူး ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသဖြင့် မော်တော်ဆိုင်ကယ် မတော်တဆမှုကြောင့် ဒဏ်ရာရမှု သေဆုံးမှုများ မကြာခဏ ဖြစ်ပေါ်နေသည်။

ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီက မော်လူးဒေသ ဟောင်းတုံးရွာအနီး မှတ်တိုင်ကုန်းအဆင်း၌ ထော်လာဂျီယာဉ် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဟောင်းတုံးရွာနေသူတစ်ဦး မောင်းနှင်သည့် ထော်လာဂျီယာဉ်သည် ယင်းရွာနေသူများလိုက်ပါပြီး ဟောင်းတုံးရွာသို့ပြန်လည်မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်တွင် တိမ်းမှောက်၍ အမျိုးသားတစ်ဦးသည် ဦးခေါင်းပေါက်ပြဲ၊ နံရိုးသုံးချောင်းကျိုးသဖြင့် မော်လူးတိုက်နယ်ဆေးရုံသို့ သယ်ဆောင်လာစဉ် လမ်း၌သေဆုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ၍ အမျိုးသားတစ်ဦး ညာဘက်လက်မောင်းကျိုး မျက်နှာပွန်းပဲ့ ဒဏ်ရာရရှိကြပြီး စိုးရိမ်ရသဖြင့် မော်လူးတိုက်နယ်ဆေးရုံမှ ကသာပြည်သူ့ဆေးရုံသို့ လွှဲပြောင်းတင်ပို့ပေးခဲ့ကြောင်း သိရသည်။ **(၁၇၁)**

မိတ္ထီလာတွင် အနှိပ်ခန်းဝင်ဖမ်း

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်သော် ဦးဆောင်၍ ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ကြည်ရှိန်၊ အမှတ် (၃) ရဲစခန်းမှူး ရဲအုပ်သိန်းဝေမြင့်၊ အမှတ် (၁) ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နိုင်မျိုးဝင်း၊ ပြည်သာယာတောင်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ ပြည်သာယာမြောက်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေတို့သည် ဇန်နဝါရီ ၂ ရက်ညက ပြည်သာယာတောင် ၅ လမ်း ဝန်ထမ်းအိမ်ရာနေ မင်းမင်းဆိုသူ၏ အိမ်တွင် အနှိပ်ခန်း ဖွင့်လှစ်နေကြောင်း သတင်းအရရှောင်တခင် ဝင်ရောက်ရှာဖွေကြသည်။ ထိုသို့ဝင်ရောက်ရှာဖွေစဉ် အနှိပ်ခန်းအသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများနှင့် အခန်းအတွင်း အမျိုးသမီးငယ်များကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။ **(၀၁၂)**

နေ့ခင်းကြောင်တောင် ခိုးယူခံရမှု ရွှေပြည်သာ အမှတ်(၉) ရပ်ကွက်ဈေး၌ ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်ရှိ ငမောက်ဈေးတွင် အထည်ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော မြို့နယ်သတင်းထောက်၏ အနီးဆိုင်တွင် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက အဝတ်အထည် လေးထည် ထပ်မံအခိုးခံရကြောင်း သိရသည်။

အဆိုပါ ငမောက်ဈေးသည် ရွှေပြည်သာမြို့ စတင်တည်ထောင်ကတည်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနက တာဝန်ယူဖွင့်လှစ်ထားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်းတွင် ဈေးခြံစည်းရိုးမလုံခြုံခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာမရှိခြင်း၊ ဈေးဆိုင်ခန်းများ ပျက်စီးခြင်းတို့ကြောင့် ဈေးအင်္ဂါ ယိုယွင်းပျက်စီးလျက်ရှိပါသည်။

"ကျွန်မဒီဈေးမှာ အထည်ဆိုင်ဖွင့်လှစ်ရောင်းချခဲ့တာ အခုဆိုရင် ၁၀ နှစ်ကျော်ရှိပါပြီ။ ဒီအချိန်မှာ ဈေးခြံဝင်း မလုံခြုံလို့ ကိုယ့်ဆိုင်ဘယ်တော့ဖောက်ထွင်းခိုးယူခံရမလဲလို့ စိုးရိမ်ပူပန်ရတဲ့ ဒုက္ခ၊ အိမ်သာမကောင်းလို့ ကျန်းမာရေးထိခိုက်ရတဲ့ဒုက္ခ၊ အခုလည်းဈေးအတွင်း အပြင်မှ တရားမဝင်နှစ်လုံးထီနဲ့ ချဲဒိုင်ဖွင့်ပြီး လောင်းကစားကြလို့ လူဝင်လူထွက်ရှုပ်ထွေးပြီး နေ့ခင်းကြောင်တောင် အခိုးခံရတဲ့ဒုက္ခတွေကို ခါးစည်းခံနေရပါတယ်။ ဈေးတာဝန်ခံကဈေးအတွင်း ကြီးကြပ်မှုအားနည်းပြီး လောင်းကစားဒိုင်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အရေးမယူလို့ ကျွန်မတို့လိုကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေတဲ့ ပြည်သူတွေ နစ်နာရပါတယ်။ ကျွန်မအခုတစ်ကြိမ်နဲ့ဆို အခိုးခံရတာ ခုနစ်ကြိမ်ရှိပါပြီ။ တန်ဖိုးငွေကျပ် တစ်သိန်း နီးပါး ဆုံးရှုံးခဲ့ရပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာကို အကြောင်းကြားခဲ့ပြီးပါပြီ၊ ပြည်သူတွေရဲ့ ဘဝ အေးချမ်းဖို့အတွက် နှစ်လုံးထီ၊ ချဲ လောင်းကစားမှု ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်သူများကိုလည်း သက်ဆိုင်ရာက ထိထိရောက်ရောက် နှိမ်နင်း အရေးယူဆောင်ရွက်ပေးစေလိုပါတယ်"ဟု ၎င်းအမျိုးသမီးက ပြောကြားသည်။ **(၁၆၆)**

ရောဝတီမြစ်အလယ် သောင်ပြင်တွင်ရေချိုးစဉ် ရေနစ်သေဆုံး

ကသာ ဇန်နဝါရီ ၅

ကသာမြို့ အမှတ်(၂) ရပ်ကွက် ဧရာဝတီမြစ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော နိုင်ငံခြားခရီးသည်များလိုက်ပါလာသည့် ပန်းတော်အထူးသင်္ဘောမှ စက်ဆရာ ဦးသန်းဝင်း အသက် ၄၀ နှစ် အလုံရပ် မုံရွာမြို့ ဆီလောင်း ဦးမြင့်ဝင်းစိုး၊ ဆူကာနီ ဦးမျိုးဝင်းထွန်းတို့သည် မြစ်အလယ်သောင်ပြင်တွင် ဟက်ပီးနယူးရီးယား ပြုလုပ်ရန်အတွက် သွားရောက်ပြင်ဆင်ကြပြီးနောက် ရေချိုးဆင်းကြရာမှ စက်ဆရာ ဦးသန်းဝင်း ရေနစ်မြုပ်သေဆုံးသွားခဲ့သည်။ ဇန်နဝါရီ ၁ရက် နံနက်တွင် ဦးသန်းဝင်း၏ အလောင်းကို အဆိုပါ သောင်ပြင်အနီး ပြန်လည်တွေ့ရှိခဲ့သည်။

ယင်းကိစ္စနှင့် ပက်သက်၍ ကသာရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

စမ်းဦး(ကသာ)

မြန်မာ့မီးရထားပြတိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားရုံးချုပ် နေပြည်တော် ဘူတာကြီး၌ မြန်မာ့မီးရထားပြတိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင်ကျင်းပရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ယနေ့သည် မြန်မာ့မီးရထား၏ မီးရထားသမိုင်းပြတိုက်ကို ဖွင့်လှစ်ပေးခဲ့သည့် တစ်နှစ်ပြည့်မြောက်နေ့ ဖြစ်ကြောင်း၊ နိုင်ငံတကာ မီးရထားပြတိုက်များကဲ့သို့ ဂုဏ်သိက္ခာမြင့်မားသော ထည်ဝါခံ့ညားသည့် ပြတိုက်တစ်ခု ဖြစ်လာစေရန် မြန်မာ့မီးရထားပြတိုက်ကို သီးခြားအဆောက်အအုံဖြင့် စနစ်တကျ ခင်းကျင်းပြသနေပြီဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားပြတိုက် တည်ထောင်ရန် စုစည်းရရှိနိုင်သမျှ ပြတိုက်ပစ္စည်းများ (Museum Pieces) တို့ကို စုဆောင်းပြီး ပြသထားခဲ့ပါကြောင်း၊ မြန်မာ့မီးရထားပြတိုက် ရေရှည်တည်တံ့ပြီး ပိုမိုတိုးတက်ဖြစ်ထွန်းစေရေးအတွက် အရာထမ်းအမှုထမ်းများက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မန္တလေး-မြစ်ကြီးနားလမ်းပိုင်း တံတားအမှတ် ၄၇၈ ကို ကေအိုင်အေအဖွဲ့က မိုင်းခွဲဖျက်ဆီးသဖြင့် တံတားသံလမ်းနှင့် သံပေါင်များ ပြတ်တောက်ပျက်စီးခဲ့သည်ကို တွေ့မြင်ပြီး ရထားပေါ်တွင်ပါရှိသော ခရီးသည်များ ဘေးအန္တရာယ် လွတ်ကင်းရေးအတွက် အမှတ် ၅၈ အစုန် အမြန်ရထားကို မီးနီအချက်ပြဖြင့် ကြိုတင်အချက်ပြတားဆီးနိုင်ခဲ့သော တံတားစောင့် ဦးချစ်မောင်(ခ) ဦးစိုင်းခင်မောင်အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး မြန်မာ့မီးရထားပြတိုက်အတွက် မတည်ငွေများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြန်မာ့မီးရထား ဌာနများမှ ပြတိုက်အတွက် မတည်ငွေများ ဆက်လက်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ပထမဆုံးပြေးဆွဲခဲ့သော ရထားစက်ခေါင်း အမှတ် A-01ဖြင့် စတင်ပြေးဆွဲခဲ့သည့် ရထားအား ပုံဖော်ရေးဆွဲခဲ့သည့် ပန်းချီဆရာကြီးဦးသောင်းဟန်၏ ဆီဆေးပန်းချီကားချပ်ကို ဖွင့်လှစ်ပေးခဲ့ပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိုးဘိုရပ်ကွက်ရာပြည့်ဆွမ်းကြီးလောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်၌ အကြိမ်(၁၀၀)မြောက် ရာပြည့်ဆွမ်းကြီးလောင်းပွဲကို ထူးထူးခြားခြား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အိုးဘိုသူ အိုးဘိုသားတို့၏ စည်းလုံးညီညွတ်မှု၊ ကြိုးစားမှုတို့ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်မှုတို့ကြောင့် ဆွမ်းကြီးလောင်းပွဲ ကျင်းပလာခဲ့သည်မှာ နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ဆွမ်းကြီးလောင်းပွဲကို ဇန်နဝါရီ ၆ ရက်မှစ၍ ကျင်းပမည်ဖြစ်ရာ ရပ်ကွက်အတွင်းသို့ ဗုဒ္ဓရုပ်ပွားတော်မြတ်ဒေသစာရီကြွချီ အပူဇော်ခံခြင်း၊ ဓမ္မပူဇာသဘင် တရားပွဲများကျင်းပခြင်း၊ သံဃာတော်များအား ဘုံဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပင့်သံဃာ (၁၀၈)ပါးအား သပိတ်နှင့်တကွဆွမ်း၊ ဆွမ်းဟင်းနှင့် စာရေးတံမဲ လောင်းလှူခြင်း၊ ဘိုးဘွားရိပ်သာသို့ လှူဒါန်းခြင်း၊ ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်းနှင့် လမ်းအသီးသီးတွင် စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့လည်း နဝမအကြိမ်မြောက် ရွှေပြား ရွှေသင်္ကန်းများ လှူဒါန်းသွားမည်ဖြစ်သည်။

ရာပြည့်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပွဲ၊ (5 Stars) အငြိမ့်နှင့် ခေတ်ပေါ်တေးဂီတတို့ဖြင့် ပျော်ပွဲရွှင်ပွဲများကို အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကေမီ)

ဒိုက်ဦး ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျိုက်စကောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်း၌ကျင်းပရာ အမက(လွန်)ခင်တန်းနှင့် အမက(စားသောက်ကုန်) ကျောင်းတို့ စုပေါင်းပါဝင်ကျင်းပခဲ့သည်။

ဖျော်ဖြေ

အထက (ကျိုက်စကော) ကျောင်းမိသားစုပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို အထက (ကျိုက်စကော) ကျောင်းအုပ်ဆရာမကြီးဒေါ်အေးဝင်းက အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်ထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်နှင့်ဇနီးများ၊ မိဘဆရာအသင်းဝင်များနှင့် ဇနီးများ၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများက ဆုချီးမြှင့်ကြ၍ ကျောင်းသား ကျောင်းသူများက ဂီတ ပဒေသာအကအလှများဖြင့် ဖျော်ဖြေကြကြောင်း သိရှိရသည်။

မိုးဝင်းသူ(ပဲခူး)

ပညာရေးစုံညီပွဲတော် ဒိုက်ဦး၌ ကျင်းပ

IT Club တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ (၁၃) ကြိမ်မြောက် IT Club တွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်(သောကြာနေ့) ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇန ဂါးဒင်းဟိုတယ် မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(အောင်သူရ)**

ဗလေငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်တွင်းသတင်း

လွတ်လပ်ရေးနေ့ အခမ်းအနား တာချီလိတ်၌ ကျင်းပ

တာချီလိတ် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က တာချီလိတ်မြို့ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုရင်ပြင်၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ဖတ်ကြားသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပန်းချီ-ကာတွန်း-ပိုစတာ-စာစီစာကုံး ပြိုင်ပွဲဆုရရှိသူများအား အောင်မြတ်ခန်းမတွင်လည်းကောင်း၊ အားကစားပြိုင်ပွဲ ဆုရရှိသူများအား မြို့နယ် ပြည်သူ့အားကစားကွင်းတွင်လည်းကောင်း ဆုချီးမြှင့်ပွဲ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ဝ၆ဝ)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဇန်နဝါရီ ၄ ရက် နံနက်က လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို သီရိဇေယျနော်ရထာခန်းမ၌ ဒလမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက ဖတ်ကြားသည်။

ထို့နောက် မြို့မ (၂) ရပ်ကွက် အလက(၂) ကျောင်းအဝင်လမ်းဖြစ်သော ညောင်ပင်တန်းလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ကို ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ရဲမှူးကြီးကျော်ဝင်း၊ အငြိမ်းစားဆရာကြီး ဦးသန်းထွဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)** **သန်းဌေး(ဒလ)**

လွတ်လပ်ရေးနေ့အခမ်းအနား ဘုရားသုံးဆူမြို့နယ်ခွဲ၌ ကျင်းပ

ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ဖတ်ကြားပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ ကလေးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **မီးမီး(လှိုင်)**

သုံးခွမြို့ တပင်ရွှေထီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

သုံးခွ ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တပင်ရွှေထီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က အမှတ် (၂) ရပ်ကွက် တပင်ရွှေထီးလမ်းရှိ အဆိုပါ မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကိုလတ်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ကိုကျော်(သုံးခွ)

အားကစားသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရေကူး–ဒိုင်ဗင် ပဏာမလက်ရွေးစင် ရွေးချယ်ခြင်းနှင့် စံချိန်ယူပွဲကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၅

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူး၍(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ရေကူး-ဒိုင်ဗင်ပြိုင်ပွဲများအတွက် ရေကူး-ဒိုင်ဗင်ပဏာမလက်ရွေးစင်ရွေးချယ်ခြင်းနှင့် စံချိန်ယူခြင်းတို့ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

အမျိုးသားမီတာ ၁၅၀၀ အလွတ်ကူး စံချိန်ယူပွဲတွင် အောင်မျိုးဦးက စံချိန် ၁၈ မိနစ် ၂၅ ဒသမ ၆၀ စက္ကန့်ရရှိပြီး အံ့ခေါင်ထွန်းက စံချိန် ၂၀ မိနစ် ၁၇ ဒသမ ၇၃ စက္ကန့်ရရှိကာ သက်ကိုကိုထွန်းက စံချိန် ၂၀ မိနစ် ၅၅ ဒသမ ၂၂ စက္ကန့်ရရှိသွားသည်။

အမျိုးသမီး မီတာ ၈၀၀ အလွတ်ကူးစံချိန်ယူပွဲတွင် အိအိသက်က စံချိန် ၁၀ မိနစ် ၁၅ ဒသမ ၈၀ စက္ကန့် ရရှိပြီး ခန့်ခန့်စုစန်က စံချိန် ၁၀ မိနစ် ၇၅ ဒသမ ၁၁ စက္ကန့်ရရှိကာ စပယ်သင်းက စံချိန် ၁၁ မိနစ် ၄၄ ဒသမ ၆၆ စက္ကန့် ရရှိသွားသည်။

ထို့နောက် စံချိန်ယူပွဲ၏ တာတိုပွဲများကို ဆက်လက်ကျင်းပရာ စုစုပေါင်း ၁၈ ပွဲကျင်းပပြီးစီးသွားကြောင်း သိရှိရသည်။ **(ကေတီ–သတင်းစဉ်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အုတ်တွင်းမြို့နယ်၌ မာရသွန်ဆုပေးပွဲကျင်းပ

အုတ်တွင်း　ဇန်နဝါရီ　၅

အုတ်တွင်းမြို့နယ် အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံမိသားစုကကြီးမှူးကျင်းပသည့် (၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်မာရသွန်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက ကြက်သွန်ခင်း ၁ ရပ်ကွက် ပြည်လမ်းထိပ်၌ကျင်းပ သည်။အဆိုပါအခမ်းအနားတွင်ပထမဆုရရှိသူ မောင်ဇော်ဝင်းထွန်း ကြက်သွန်ခင်း ၂ ရပ်ကွက်အား ဒေါက်တာသူလွင်ထွန်း (ကြယ်နီမိသားစု) က ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၅

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများကို ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၀၇ ရပ်ကွက်၌လည်း ကျင်းပခဲ့သည်။

ပျော်ပွဲရွှင်ပွဲများအဖြစ် သက်တမ်းအလိုက် အပြေးပြိုင်ပွဲများ၊ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ အုန်းသီးလုပွဲများကို စည်ကားစွာကျင်းပခဲ့ကြသည်။ ယင်းနောက် ကစားနည်းအလိုက် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မောင်စိုးဝင်း)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပ

နေပြည်တော်　ဇန်နဝါရီ　၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ကျောင်းအုပ်ဆရာကြီး ဦးသန်းလင်းနှင့် ဆရာ ဆရာမများဦးစီး၍ ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာဖြင့် ကျင်းပခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ကျော်သူရ)**

အားကစားမြင့်တင် စိတ်လန်းရွှင်

ဘရစ္စဘိန်းတင်းနစ် အင်ဒီမာရေးဗိုလ်လုမည်

ဗြိတိသျှနာမည်ကြီးတင်းနစ်ကစားသမား အင်ဒီမာရေးသည် သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည့် ဘရစ္စဘိန်းအင်တာနေရှင်နယ်တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက်နီရှိကိုရီ ဝဲဘက်ဒူးခေါင်းဒဏ်ရာပြီး ထွက်သွားရသဖြင့် မကစားရဘဲ ဗိုလ်လုပွဲသို့တက်သွားသည်။

အသက် ၂၅ နှစ်ရှိ ကမ္ဘာ့နံပါတ်-၃ အင်ဒီမာရေး **(အပေါ်ပုံ)** သည် ဗိုလ်လုပွဲတွင် ဆိုက်ပရပ်စ်မှ မားကို့စ်ဘက်ဒါတစ်အား ၆-၃၊ ၅-၇၊ ၇-၆ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့တက်လာသော ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဂရီဂေါဒီမီထရော့နှင့် ကစားရမည်ဖြစ်သည်။

ဂျာမနီကွင်းလယ်ကစားသမား ဟော့ဘိုင် စပါးသို့ရောက်မည်

ဂျာမနီလက်ရွေးစင် လူးဝစ်ဟော့ဘိုင်အား စပါးအသင်းက ဘွန်ဒက်စ်လီဂါအသင်း ရှော်လ်ကေးမှ ဇူလိုင်လတွင် ခေါ်ယူရန် သဘောတူလိုက်ပြီဖြစ်သည်။ အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လူးဝစ်ဟော့ဘိုင်သည် ရှော်လ်ကေးတွင် ခြေစွမ်းပြကစားနေသူဖြစ်သည်။ ဂျာမန်လူမျိုးမိခင်နှင့် အင်္ဂလိပ်လူမျိုးဖခင်တို့မှ ၎င်းအား မွေးဖွားခဲ့သည်။ ၎င်းသည် ရှော်လ်ကေးတွင် ၇၅ ပွဲ ပါဝင်ကစားပြီး ၁၁ ဂိုး သွင်းယူပေးခဲ့သည်။ ဂျာမနီအသင်းတွင် သုံးပွဲပါဝင်ကစားပေးထားသည်။ လီဗာပူးနှင့် အာဆင်နယ်တို့က ခေါ်ယူရန်ကြိုးစားနေသော ဟော့ဘိုင်သည် စပါးအသင်းသို့ အလွတ်ပြောင်းရွှေ့လာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူးရွှန်းနေ လီဗာပူးနှင့်ပွဲလွဲမည်

မန်ယူတိုက်စစ်မှူး ရွှန်းနေသည် ဇန်နဝါရီ ၁၃ ရက်တွင် လီဗာပူးနှင့် ကစားမည့်ပွဲ လွဲချော်လိမ့်မည်ဟု နည်းပြဖာဂူဆန်က အတည်ပြုပြောကြားသည်။ အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူးရွှန်းနေသည် နယူးကာဆယ်နှင့်ကစားမည့် ဘောက်ဇင်ဒေး အကြိုလေ့ကျင့်စဉ် ဒူးခေါင်းဒဏ်ရာရရှိသွားခဲ့သည်။ ရွှန်းနေသည် ယခုနှစ်ပရီမီယာလိဂ်တွင် ခုနစ်ဂိုးသွင်းယူထားသည်။

ကောင်းမြတ်သူ–စုစည်းသည်

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မက ကုန်တိုက်အရောင်းစာရေးမတစ်ဦးပါ။ ကျွန်မရဲ့အသက်က ၂၉နှစ်ရှိပါပြီ။ ကျွန်မရဲ့မျက်နှာမှာ အမည်းစက်မှဲ့ခြောက်ကလေးများ ထွက်လာပါသည်။ မှဲ့ခြောက်လေးများ ပျောက်ကင်းစေရန်အတွက် မျက်နှာသထားထပေါင်းတင်ခဲ့ပါသည်။ နိုင်ငံခြားမှဲ့ခြောက်ပျောက်ဆေးများလည်း လိမ်းပါသည်။ ပျောက်ကင်းမသွားပါ။ အလွန်စိတ်ညစ်ရပါသည်။ လှချင်သည့်အရွယ်ဖြစ်နေတော့စိတ်အားငယ်ရပါတယ်။ ကံကောင်းချင်တော့ စီးပွားအစ်မတစ်ယောက်၏ ညွှန်ပြမှုကြောင့် ရွှေပြည်နန်းသံပုရာသနပ်ခါးကို လိမ်းခြယ်ရန်နည်းလမ်းတွေ့ခဲ့ရပါပြီ။ ရွှေပြည်နန်းသနပ်ခါးသည် မိန်းကလေးများအတွက် အလှခြယ်မှုန်းရန်သက်သက်မဟုတ်ဘဲ တင်းတိပ်၊ မှဲ့ခြောက်၊ နေလောင်ခြင်း၊ ဝက်ခြံပေါက်ခြင်း၊ အသားအရေမွဲခြောက်ခြင်းများကို ကာကွယ်ပေးနိုင်ကြောင်း သိရ၍ ကျွန်မအတွက် ရောင်ခြည်သစ်ကိုတွေ့ခဲ့ရပါသည်။ ရွှေပြည်နန်းသံပုရာသနပ်ခါးကို စတင်လိမ်းသည့်အချိန်မှစ၍ မိတ်ကပ်၊ ပေါင်ဒါများကိုလုံးဝမလိမ်းတော့ပါ။ တစ်လကျော်ကျော်လောက်တွင် ကျွန်မ၏မျက်နှာမှ မှဲ့ခြောက်များသည် မှေးမှိန်သွားပါတော့သည်။ မျက်နှာအတော်ဝင်းလာပါသည်။ အလွန်ပျော်မိပါသည်။ ရွှေပြည်နန်းသနပ်ခါးသည် မြန်မာမိန်းကလေးများအတွက်အားထားစရာ အစစ်အမှန်ဖြစ်နေပါသည်။ အကောင်းဆုံးအလှခြယ်မှုန်းရာ ဆေးဖက်ဝင်လည်းဖြစ်နေပါတော့သည်။ မြန်မာ့ရေမြေသဘာဝမှထွက်ရှိသည့် ဆေးဖက်ဝင်အပင်တို့မှ ထုတ်လုပ်ဖော်စပ်ထားသည့် မြန်မာ့အလှသဘာဝသနပ်ခါးဆိုလျှင်လည်း မှားမည်မထင်ပါ။ ရွှေပြည်နန်း၏ နိုင်ငံခြားမှ အသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်ချီးမြှင့်မှုများအား မြန်မာတို့ကိုယ်စား ကျွန်မအထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းလည်း ပြောချင်ပါသည်။ ရွှေပြည်နန်းသနပ်ခါး ဆတက်ထမ်းပိုး တိုးတက်ပါစေ။ အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ။ မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ပါစေ။

မယဉ်မျိုးထိုက်(ဂမုန်းပွင့်ကုန်တိုက် အရောင်းဝန်ထမ်း) အမှတ်–၈၂ ချမ်းသာပြည့်စုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မယဉ်မျိုးထိုက်၏ပေးစာတွင် ဖော်ပြထားသောအကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင် ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မကြည်ဝင်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်–၂၈ (၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

နိုင်ငံတကာအားကစားသတင်း

၂၀၁၃ ခုနှစ်မှာ မက်ဆီ ဂိုးပေါင်း ၁၀၀ကျော် သွင်းယူနိုင်ပါ့မလား

"ဒီနှစ်အတွင်းမှာ ဂိုးပေါင်း ၁၀၀ ကျော် သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ" လို့ ဘာစီလိုနာအသင်းရဲ့ ကမ္ဘာကျော် တိုက်စစ်မှူး မက်ဆီက ထုတ်ဖော်ပြောကြားလိုက်တာမို့ ၂၀၁၂ ခုနှစ် တစ်နှစ်တာအတွင်း ဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဟာ ဂိုးစံချိန်သစ်တွေ ထပ်မံတင်ဦးမှာဖြစ်တယ်ဆိုတာ ဖော်ညွှန်းလိုက်ပြီဖြစ်ပါတယ်။

ဂင်းနက်စ်မှတ်တမ်းတင်

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာ မက်ဆီဟာ သွင်းဂိုးပေါင်း ၉၁ ဂိုး သွင်းယူနိုင်ခဲ့လို့ ဂျာမနီတိုက်စစ်မှူး ဂတ်မူလာရဲ့ အရင်က တစ်နှစ်တာသွင်းယူခဲ့တဲ့ဂိုးပေါင်း ၈၅ ဂိုးစံချိန်ကို ကျော်ဖြတ်ပြီး တစ်နှစ်အတွင်း ဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘာစီလိုနာ ပရိသတ်တွေကလည်း သူတို့ရဲ့ ဂိုးသွင်းသူရဲကောင်း မက်ဆီကို ၂၀၁၃ ခုနှစ်အတွင်းမှာ ဂိုးပေါင်း ၁၀၀ ကျော်သွင်းယူနိုင်ဖို့ တွန်းအားပေး တောင်းဆိုနေကြပါတယ်။ မက်ဆီဟာ ဘာစီလိုနာအသင်းမှာ ဆက်ရှိနေမှာဖြစ်ပြီး ဒဏ်ရာကင်းဝေးမှုနဲ့ ကြံ့ခိုင်မှုကောင်းရင် ဂိုးပေါင်း ၁၀၀ ကို သွင်းယူနိုင်မယ့် အနေအထားရှိတယ်လို့ ဘောလုံးသုတေသီတွေက သုံးသပ်နေကြပါတယ်။

စွမ်းရည်မြင့်မား

မက်ဆီဟာ အသက် ၂၅ နှစ်အရွယ်သာရှိသေးတာမို့ တိုက်စစ်မှူး တစ်ဦးရဲ့ အကောင်းဆုံး အသက်အရွယ်ရှိနေပြီး ပင်ကို ဘောလုံးအရည်အသွေးကြွယ်ဝသူဖြစ်တာမို့ ပြိုင်ဘက်အသင်း ဂိုးဧရိယာအတွင်းမှာ ကစားဖော်တွေရဲ့ အကူအညီမပါဘဲ ဂိုးသွင်းယူနိုင်တဲ့စွမ်းရည် မြင့်မားသူတစ်ဦးဖြစ်ပါတယ်။

မက်ဆီရဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာဂိုးတွေကိုကြည့်ရင် ကိုယ်တိုင်စွမ်းရည်နဲ့ ထိုးဖောက်ဂိုးသွင်းခဲ့တဲ့ ဂိုးတွေဟာ ၃၅ ရာခိုင်နှုန်းရှိတယ်လို့ ဘောလုံးသုတေသီတွေက ပြောကြားနေပါတယ်။ မက်ဆီဟာ လျှပ်တစ်ပြက်အချိန်အတွင်းမှာ ဂိုးသမားရဲ့ အားနည်းချက်ကို မြင်တတ်သူဖြစ်ပြီး ချိန်ကိုက်ဂိုးသွင်းနိုင်သူဖြစ်တယ်လို့လည်း ဆိုနေပါတယ်။

ကောင်းမွန်သပ်ရပ်

မက်ဆီရဲ့ အားသာချက်က ကြံ့ခိုင်မှု၊ လျင်မြန်မှု၊ ပါးနပ်မှုနဲ့ ဘောလုံးထိန်းသိမ်းမှု ကောင်းမွန်တဲ့အပြင် အဆုံးသတ်ဂိုးသွင်းမှု ကောင်းမွန်သပ်ရပ်တာတွေဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်ဆွတ်ခူးထားနိုင်တဲ့ မက်ဆီဟာ တခြားတိုက်စစ်မှူးတွေနဲ့မတူတဲ့ အချက်က စိတ်ဓာတ်ကောင်းမွန်မှုပဲဖြစ်ပါတယ်။

ဘောလုံးကို အတတ်နိုင်ဆုံး စိတ်ဓာတ်ကောင်းကောင်းနဲ့ သန့်သန့်ရှင်းရှင်း ကစားတတ်တဲ့မက်ဆီက သူဂိုးတွေသွင်းယူနိုင်ပေမယ့် ဘာစီလိုနာအသင်း ဆုဖလားတွေ မဆွတ်ခူးနိုင်ရင် အဓိပ္ပာယ်ပြည့်ဝမှာမဟုတ်ဘူးလို့ဆိုနေပါတယ်။

မက်ဆီရဲ့ လက်ရှိကစားအားက ၂၀၁၃ ခုနှစ်အတွက် မျှော်မှန်းတဲ့ ဂိုးသွင်းနှုန်းရဖို့အတွက် ဖြစ်နိုင်ခြေများတယ်လို့ ဆိုတာက ကစားဖော်တွေရဲ့ပံ့ပိုးမှုအပိုင်းလည်း အရေးကြီးတယ်လို့ဆိုနေပါတယ်။ လောလောဆယ်မှာတော့ ဘာစီလိုနာမှာ ကစားဖော်တွေနဲ့ အကောင်းဆုံးဆက်ဆံရေးကိုရရှိနေတာမို့ မက်ဆီအတွက် ဂိုးတွေသွင်းယူနိုင်ဖို့ ပံ့ပိုးပေးမယ့်သူတွေ အများအပြားရှိနေတာက ဖော်ပြနေပါတယ်လို့ ကစားဖော် အင်နီယေစတာကက ဆိုနေပါတယ်။

မက်ဆီဟာ ဘာစီလိုနာအသင်းမှာ ဒဏ်ရာကင်းဝေးပြီး ကြံ့ခိုင်မှုအပြည့်ရှိနေရင်တော့ ပွဲတိုင်း ပထမဦးစားပေးပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားနိုင်မှာဖြစ်တာမို့ နည်းပြတွေရဲ့ ယုံကြည်အားထားရမှုအပြည့်ရရှိထားတဲ့ တိုက်စစ်မှူးဖြစ်နေတာကလည်း သူ့ရဲ့ဂိုးသွင်းနိုင်မှုအခွင့်အရေးတွေကို ထောက်ကူပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ချက်ကလည်းမက်ဆီဟာ ပြီးခဲ့တဲ့နှစ်က သူ့ရဲ့သားဦးဖြစ်တဲ့ သီယာဂိုမက်ဆီကို ဇနီးဖြစ်သူက မွေးဖွားပေးခဲ့တာက သူ့ရဲ့ဂိုးသွင်းနိုင်မှုတွေ အပေါ် တွန်းအားတစ်ရပ်အဖြစ် ရရှိစေခဲ့တယ်လို့ မက်ဆီက ပြောကြားနေပါတယ်။ "ကျွန်တော်ဟာ သားအတွက် ပွဲတိုင်း ဂိုးတွေသွင်းနိုင်အောင် ကြိုးစားပြီး လက်ဆောင်အဖြစ်ပေးသွားဖို့လည်း စိတ်ကူးရှိနေပါတယ်"လို့ မက်ဆီက ဆိုနေပြန်ပါတယ်။

မက်ဆီက ၂၀၁၂ ခုနှစ်ရဲ့ တစ်နှစ်တာအတွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ စံချိန်တင် တိုက်စစ်မှူးဖြစ်ခဲ့ပေမယ့် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့မှာပြုလုပ်ခဲ့တဲ့ အော်ဒီကားကပ်ဗျက ချီးမြှင့်တဲ့ ၂၀၁၂ ခုနှစ်ရဲ့ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကိုတော့ မရရှိခဲ့ပါဘူး။ အဲ့ဒီ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဖယ်လ်ကာအိုက ဆွတ်ခူးရရှိသွားခဲ့တာဖြစ်ပါတယ်။

မက်ဆီဟာ ဘာစီလိုနာအသင်းမှာတော့ လောလောဆယ် တစ်နှစ်ကို လုပ်ခလစာ ပေါင် ၁၄ သန်းရရှိနေသူဖြစ်ပြီး အဲဒီလစာငွေမှာ အခွန်ငွေနုတ်ယူပြီး အသားတင် လုပ်ခလစာငွေဖြစ်ပါတယ်။ ဒါပေမယ့် မက်ဆီကို တစ်နှစ်လုပ်ခ ပေါင် ၃၅ သန်းပေးပြီး ခေါ်ယူဖို့ကြိုးစားနေတဲ့ ထိပ်တန်းကလပ်နှစ်သင်း ရှိနေတယ်လို့ သတင်းတွေလည်း ထွက်ပေါ်နေပြန်ပါတယ်။ မက်ဆီကတော့ သူ့ကို တစ်ပတ်လုပ်ခလစာ ပေါင် ၄၆၀၀၀၀ ပေးပြီး ခေါ်ယူတဲ့ ထိပ်တန်းကလပ် အသင်းတစ်သင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့တယ်လို့ တော့ဆိုပါတယ်။

မက်ဆီကတော့ မိမိရဲ့အောင်မြင်မှုထက် အသင်းရဲ့အောင်မြင်မှုက ပိုပြီး အရေးကြီးပါတယ်၊ မိမိဟာ ဘာစီလိုနာ အသင်းရဲ့ ကစားသမားတစ်ဦးဖြစ်လို့ အသင်းရဲ့အောင်မြင်မှု၊ ဖလားတွေဆွတ်ခူးနိုင်မှုရရှိရေးကို အဓိကထား ကြိုးစားသွားမှာဖြစ်ပါတယ်၊ ဘာစီလိုနာအသင်း အောင်မြင်မှုဟာ မိမိတို့ရဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်လို့တော့ ပြောကြားနေပါတယ်။

ဒါ့အပြင် မက်ဆီဟာပင်ကိုစိတ်ဓာတ် ကောင်းမွန်သူတစ်ဦးဖြစ်လို့ မက်ဆီဂိုးသွင်းနိုင်အောင် ကစားဖော်တွေက စိတ်ပါလက်ပါ ပံ့ပိုးကူညီပေးကြသလို မက်ဆီကိုယ်တိုင်ကလည်း အတ္တမကြီး၊ တစ်ကိုယ်ကောင်းမဆန်ဘဲ ကစားဖော်တွေ ဂိုးသွင်းယူနိုင်အောင်လည်း ဖန်တီးပေးသူဖြစ်ပါတယ်။ ကစားဖော်တွေရဲ့ ယုံကြည်မှုနဲ့ နည်းပြရဲ့ အားကိုးအားထားပြုမှုကို မက်ဆီဟာ အလေးအနက်ထားသူမို့ သူဟာ အခုလိုဂိုးတွေ သွင်းယူနိုင်နေတာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်မှာ တစ်နှစ်တာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ဘာစီလိုနာနဲ့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီက ၂၀၁၃ ခုနှစ်မှာလည်း ဂိုးဘယ်လောက်အထိ သွင်းယူနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

အားကစားသတင်း အတိုအထွာ

❑ ဘာစီလိုနာအသင်းတိုက်စစ်မှူး အသက် ၃၁ နှစ်အရွယ်ရှိ ဒေးဗစ်ဗီလာကို အာဆင်နယ်အသင်းက ခေါ်ယူစာချုပ်တော့မည်ဖြစ်သည်။

❑ ရှော်လ်ကေးအသင်းနောက်ခံလူ အသက် ၂၄ နှစ်အရွယ်ရှိ ဟိုစီဒက်စ်ကို မန်ယူကခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေပြီဖြစ်သည်။

❑ ဝါဒါဘရီမင်အသင်းသည် ချယ်လ်ဆီးတောင်ပံကစားသမား အသက် ၂၁ နှစ်အရွယ်ရှိ ကီဗင်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❑ ဆန်းဒါးလန်းမှ အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူး ဖရေဇီရာကမ့်ဘဲလ်ကို ဟားလ်စီးတီးအသင်းက ခေါ်ယူရေး ဆွေးနွေးနေပြီဖြစ်သည်။

❑ လေ့ကျင့်ရေးကွင်းတွင် နည်းပြမန်ချီနီနှင့် ပြဿနာဖြစ်ခဲ့သော တိုက်စစ်မှူး ဘာလော့တယ်လီသည် အလွန်ခေါင်းမာသူဖြစ်ပြီး ပြုပြင်ရန်ခက်ခဲသူတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ဘရာဇီးကလပ်ဆန်တိုစ်အသင်းတွင်ပြန်ကစားပါက မျှော်မှန်းလစာငွေနှင့် ပုံမှန်ပွဲထွက်ခွင့်များ ရရှိစေမည်ဖြစ်ကြောင်းတိုက်စစ်မှူး ရော်ဘင်ဟိုအား ဆန်တို့စ်နည်းပြကထုတ်ဖော်ပြောကြားသည်။

❑ ဗီလာရီးရဲအသင်းတိုက်စစ်မှူး ရို့စ်စီအား စီးရီးအေကလပ် ဖီအိုရင်းတီးနားအသင်းက စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ ရို့စ်စီသည် မန်ယူမှ အငှားစာချုပ်ဖြင့် ပါးမားအသင်းတွင် ၂၀၀၇ ခုနှစ်က ကစားခဲ့သူဖြစ်သည်။ ထို့နောက် ဗီလာရီးရဲအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုအခါ ဖီအိုရင်းတီးနားအသင်းသို့ ရွှေ့ပြောင်းကစားခဲ့ခြင်းဖြစ်သည်။

❑ ဂါနာဘောလုံးအသင်းသည် ဂါနာနိုင်ငံမှ အမျိုးသားရေနံကော်ပိုရေးရှင်း(ဂျီအင်န်ပီစီ)နှင့် အမေရိကန်ဒေါ်လာ ၁၅ သန်းတန် စပွန်ဆာစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

❑ ဒတ်ချ်အသင်းဖြစ်သည့် ပီအက်စ်ဗွီအင်ဒိုဗန်သည် အီလ်စဘတ်အသင်းမှ အသက် ၂၀ အရွယ် ကွင်းလယ်ကစားသမား အော်စကာဟီလ် ဂျီမက်ကို ပြောင်းရွှေ့ကြေး ယူရို ၂ ဒသမ ၂ ဘီလီယံဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။

❑ ချယ်လ်ဆီးအသင်းသည် ယခုနှစ်၌အနည်းဆုံး ဆုဖလားတစ်လုံးဆွတ်ခူးနိုင်ရန် ကြိုးစားသွားမည်ဟု နည်းပြဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားသည်။

❑ မန်ယူအသင်းသည် ယခုနှစ်ပရီမီယာလိဂ်ဖလားရယူရေးအတွက် အခက်အခဲအချို့ကို ကျော်လွှားရန်ရှိနေသေးကြောင်း နည်းပြဖာဂူဆန်က ၎င်း၏ကစားသမားများကို သတိပေးလိုက်သည်။

❑ မန်စီးတီးအသင်းသည် လက်ရှိပရီမီယာလိဂ်ဖလားကို ကာကွယ်ရန် အခွင့်အလမ်း များစွာရှိနေဆဲဖြစ်ကြောင်း တိုက်စစ်မှူး တီဗက်ဇ်က ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇-ဒီ)၊ လူနေရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၅၊ ဒေါ်တင်ကြည်၊ ဒေါ်စိန်ခင်တို့နှစ်ဦးအမည်ပေါက် ဂရန်မြေကွက်အနက်မှ အကျယ်အဝန်း $\left(\frac{\text{၂၈ ပေ ၄ လက်မ}}{\text{၂၉ ပေ ၃ လက်မ}} \times \frac{\text{၆၁ ပေ}}{\text{ပေ ၆၀}}\right)$ အကျယ်အဝန်းရှိ မြေကွက်၏ထက်ဝက်တိတိနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ ဦးရွှေဝွန်းလမ်း၊ အမှတ် (၄၆-ဘီ)၊ အကျယ်အဝန်း $\left(\frac{\text{၂၈ ပေ ၄ လက်မ}}{\text{၂၉ ပေ ၃ လက်မ}} \times \frac{\text{၆၁ ပေ}}{\text{ပေ ၆၀}}\right)$ အကျယ်အဝန်း၏ ထက်ဝက်တိတိမြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံနှင့် ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန်းသန်းဦးက တရားဝင်လက်ရှိထားနေထိုင် ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူကဝယ်ယူရန် သဘောတူညီသဖြင့် ဒေါ်သန်းသန်းဦး ၁၂/ပဇတ(နိုင်)၀၀၈၉၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေအနက် စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒေါ်သန်းသန်းဦး လက်ရှိထားနေထိုင်ပိုင်ဆိုင်သော မြေနှင့်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည်ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များအားယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်းလူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉)
Than Than Win & Associates (Law Firm)
အမှတ် ၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ အို၊ မြေကွက်အမှတ် V ၁၅၇၊ မြေကွက်တည်နေရာအမှတ် ၂၆၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးကြီးမြင့်အမည်ပေါက်နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆ က ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်တော် ဦးဇင်သူအောင် ၂/လကန (နိုင်) ၀၅၂၂၀၉သည် မနီလာထွန်းနှင့် မဝေလွင်လွင်ထွန်းတို့ပိုင်ဆိုင်သော ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၂၁/B၊ တတိယထပ်(ဝဲ) တိုက်ခန်းအား ဝယ်ယူရန်အတွက် ၃-၁၁-၂၀၁၂ ရက်တွင် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား အပြီးအပြတ်ဝယ်ယူရန်အတွက် ကျန်ရှိငွေအား ၂၀-၁-၂၀၁၃ ရက်တွင် နောက်ဆုံးထား၍ အပြေအကျေပေးချေမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ကန့်ကွက်လိုပါက တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်- ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၁၁၇၄၊ အခန်း ၂၀၃၊ ဖုန်း-၀၉-၄၉၃၃၈၈၄၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တွင် မြေထိန်းနံရံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တွင် အရှည် ၃၁၁ပေ× အမြင့် ၉ပေ၊ အထူ ၉လက်မရှိ ၉လက်မ×၉လက်မ သံကူကွန်ကရစ်တိုင်ပါ အုတ်စီမြေထိန်းနံရံဆောက်လုပ်ခြင်းနှင့်အရှည် ပေ၁၂၇၀ရှိ လက်ရှိအုတ်ခြံစည်းရိုးပေါ်တွင် ၃ပေအမြင့် ၉လက်မထု နံရံမြှင့်တင်ခြင်းလုပ်ငန်းတို့ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ ဗိသုကာပုံစံများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် လိုအပ်သည့် အချက်အလက်များကို ၇-၁-၂၀၁၃ရက်မှ ၁၁-၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။ **သတ်မှတ်ရက်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၄။ အဆိုပါလုပ်ငန်းများအတွက် တည်ဆောက်ရမည့် မြေပြင်အခြေအနေကို ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၂-၆၂၉၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၀၅

တင်ဒါတင်သွင်းရန်လိပ်စာ
အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း
ငှားရမ်းခြင်းလုပ်ငန်းကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကယားပြည်နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၅

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကယားပြည်နယ် ပညာရေးစုံညီပွဲတော်ကို လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်ဒို့နွဲပျော်သီချင်းသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ် ပညာရေးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က စုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘာသာရပ်အလိုက် ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် အားကစားနည်းအလိုက် ထူးချွန်ကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ခရီးသည်တင်ကား ဖရိန်ပြတ်၍ တိမ်းမှောက်

ပဲခူး ဇန်နဝါရီ ၅

ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်း မြစ်ကူးတံတားအနီး ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်နယ်မြေတွင် ယာဉ်မောင်း ဘာဘူမောင်းနှင်လာသော ကျိုက်ထို-ရန်ကုန် အမှတ်(၆)လိုင်း ဟိုင်းလတ် အမျိုးအစား အပြာရောင်ယာဉ်အမှတ် ပ/-----သည် ပဲခူးမြို့တွင်းဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၄၉/၇ နှင့် ၄၉/၈ အကြား အရောက်တွင် ယာဉ်အောက်ပိုင်းဝဲယာ ဖရိန်ပြတ်၍ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရသူအတွင်းလူနာခြောက်ဦးနှင့် အပြင်လူနာ ခုနစ်ဦး ပဲခူးပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

တိမ်းမှောက်သွားသော မော်တော်ယာဉ်သည် ဝဲယာဖရိန်တန်းနှစ်ချောင်းပြတ်ထွက်သွားခြင်းကြောင့် ဦးခေါင်းပိုင်းနှင့် ကိုယ်ထည်ပိုင်း တွန့်လိမ်ရှဲ့စောင်းသွားခဲ့သည်။ ယာဉ်မောင်းဘာဘူသည် ထွက်ပြေးတိမ်းရှောင်သွားပြီး အမှုကို ပဲခူးအမှတ်(၂)ရဲစခန်း၌ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(သန့်စင်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

အုတ်တွင်းမြို့နယ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

အုတ်တွင်း ဇန်နဝါရီ ၅

အုတ်တွင်းမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ညောင်ပင်ကြီးကျေးရွာအုပ်စု ဘုရားကြီးကုန်း ကျေးရွာ ပညာ့တံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်း၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၁၃)ကို ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမိုးကျော်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် စာ/ထောက် (၃) ဒေါ်ခင်မူမူဝင်းတို့က စာကြည့်တိုက်ပညာရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘရိတ်ပေါက်၍ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေဆုံး

မြင်းမူ ဇန်နဝါရီ ၅

ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီခွဲခန့်က မြင်းမူမြို့ မြို့ရှောင်လမ်း ရေကျော်တွင် ယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး မြင့်စိုး၊ တပ်ကြပ်ကြီးကုလားတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကားလမ်း မိုင်တိုင်အမှတ် ၀/၅ နှင့် ၀/၇ ကြားတွင် မန္တလေးဘက်မှ ယာဉ်မောင်း မောင်အောင်လျှံသော် ၂၂ နှစ် မောင်းနှင်သည့် နီဆန်း ယူရီအပြာရောင် ဆယ်ဘီး ယာဉ်အမှတ် ၂၈/.. သည် အခင်းဖြစ်နေရာအရောက်တွင် ဘရိတ်ပေါက်ပြီး တိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါ ဦးဇော်မင်း ၂၉ နှစ် ထောက်ကြံ့ကွင်းရွာ သာပေါင်းမြို့နယ် နေသူမှာ ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး အောင်ကျော်မင်း ၁၉ နှစ် ယာဉ်နောက်လိုက်၊ သန်းထွန်းအောင် ၃၇ နှစ် တောင်သူတို့မှာ ဒဏ်ရာအနည်းငယ်ရရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

အရေးယူ

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း မောင်အောင်လျှံသော်ကို မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၇၉)**

လွတ်လပ်ရေးနေ့အခမ်းအနားမြို့နယ်များ၌ကျင်းပ

ညောင်ရွှေ

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က ဖတ်ကြားသည်။ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးသူရိန်(ညောင်ရွှေ)**

နောင်ချို

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ မြစိမ်းသာပန်းခြံ၌ ကျင်းပပြီး လွတ်လပ်ရေးနေ့ အခမ်းအနားကို နောင်ချိုမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်(ထွေ/အုပ် လက်ထောက်ညွှန်ကြားရေးမှူး)က ဖတ်ကြားသည်။ **(၀၆၁)**

ကလေး

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အလေးပြုအခမ်းအနားကို ကလေးမြို့နယ် စည်ပင်သာယာရေးပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ အလံတင်အခမ်းအနားသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းဖွဲ့ဝင်များ တက်ရောက်အလေးပြုကြသည်။ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ထက်၊ လယ်၊ မူ အဆင့်စာစီစာကုံးပြိုင်ပွဲများကို ပညာရေးဌာနက ကျင်းပပေးခြင်း၊ အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ ဌာနများက ကျင်းပပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(သျှင်နေမင်း)**

ဆားလင်းကြီး

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် ကျင်းပရာ လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပညာရေးမှူးတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ဦးငယ် (ဆားလင်းကြီး)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးထွန်းမြင့်(လက်ထောက်အုပ်ချုပ်ရေးမှူး၊ MCEA)-ဒေါ်စန်းစန်းအေး တို့၏သား

ဗိုလ်ကြီးဓေယျာထွန်း

M.B., B.S, M.Med.Sc(Ophthalmology)
Dip.in Medical Genetic(Moscow)
FRCSEd Ophthalmology(Part A)

လက်ထောက်ကထိက၊ တပ်မတော်ဆေးတက္ကသိုလ်

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးမောင်တိုး(ငြိမ်း)(အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော်)-ဒေါ်ခင်ခင်ကြီး တို့၏သမီး

မသက်သက်

B.Sc(Hons), M.Sc, M.Res(Engineering Physics),
M.Sc(WMU, Sweden)

နည်းပြအရာရှိ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

တို့၏ ၅-၁-၂၀၁၃ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ဇနီးဒေါ်ခင်ပြုံး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီးဒေါက်တာဒေါ်မြင့်ငွေးတို့အားလည်းကောင်း၊ ၂၃-၁၁-၂၀၁၂ ရက်တွင် လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်ပေးပါသော တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်အေးသန်းအားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ပုလဲဇကရီ ပုလဲရတနာဆိုင်မှ မအေးအေးမွန်အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော ခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော သီတဂူမှမနန္ဒာ၊ မင်္ဂလာမှတ်တမ်းတင်နှင့် ဗီဒီယိုရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြပါသော စန္ဒာရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ဖန်တီးပေးသော ဒဂုံပုံနှိပ်တိုက်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မမေသွေးကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မမေသက်နွယ်နှင့် မစုမြတ်ဝင်း၊ သတို့သားအရံ ဗိုလ်ကြီးသူရိန်ထွန်း၊ ဗိုလ်ကြီးခင်အောင်ဆန်းနှင့် သတို့သမီးအရံ မသက်စုထွေး၊ မနွေအေးငြိမ်းတို့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မြန်မာ့ပုလဲမှ ဝန်ထမ်းများနှင့် အခြားပုဂ္ဂိုလ်များ၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ကြပါသော ပုဂ္ဂိုလ်များနှင့် တက်ရောက်ချီးမြှင့်ကြပါသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဓေယျာထွန်း-မသက်သက်

ငွေချေးချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး၌
၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၁၁၄

ဒေါ်မြင့်မြင့်ဝင်း **နှင့်** ဒေါ်နုဝါစိုး ပါ ၃
တရားလို **တရားခံများ**

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ထုံးဖိုရပ်ကွက်၊ အကွက် (၃၆)၊ အမှတ်(၆၈/၆၉) နေ ဒေါ်နုဝါစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်ဝင်းက အပေါင်အာမခံပစ္စည်း ရှီးမရိပ်သာ(၁)၊ တိုက်ခန်းအမှတ် ၄၀၈ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှီး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၈ရက် (၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဟန်သိန်း
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ခေတ္တာလမ်း၊ အမှတ် ၈ျ/၂၉-A၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် ၈ျ/၂၉-A၊ ဧရိယာ ၀ဒသမ ၀၂၇၅ ဧကရှိ မြေနှင့် နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဦးမြင့် ၁၂/လမတ(နိုင်)၀၁၀၂၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေး(စဉ်-၆၇၄၉)
တရားရုံးလွှတ်တော်ရှေ့နေ
အမှတ် (၃-B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၁၈၇၅

သွင်းကုန်ပါမစ် ပျောက်ဆုံးခြင်း

ကျွန်တော် ကိုလွင်မိုး ၁၂/ပဇတ (နိုင်) ၀၀၇၆၀၃ ယာဉ်သွင်းကုန်ပါမစ် ISP 3-12-13 22708-04/12/12 နှင့် Custom Duty ဆောင်ထားသောစာရွက်စာတမ်းများပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ကိုလွင်မိုး
ဖုန်း-၀၉-၅၁၉၅၇၄၄
၀၉-၄၃၀၂၄၂၂၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၇၇၈၂၊ ရွှေသမင် GBS. 02/ သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်နောင်ဦး ၁၀/မလမ(နိုင်)၂၃၉၅၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
မော်လမြိုင်မြို့

အမြန်ပြန်လာပါ

ကျွန်တော် ဝေဖြိုးအောင် ၁၂/တတန (နိုင်)၁၁၅၂၂၇ ကိုင်ဆောင်သူ၏ ဇနီး မမီမီစိုးမိုး (ခ) ပိုပို ၁၂/ဗတထ(နိုင်) ၀၄၂၀၁၅သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် လက်ခံသွေးဆောင်ဖြားယောင်းသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပို အမြန်ပြန်လာပါ ကို စိတ်ပူနေသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၆၈၉၆၄၄

သင့်သွေးဖြင့်အသက်ကယ်ပါ

သတင်းစာရောဂါ

ကျွန်တော့်တွင် ဤရောဂါစွဲကပ်နေသည်မှာ နှစ်ငါးဆယ်လောက်ရှိပြီ ထင်ပါသည်။ ကျွန်တော့်အသက် ၇၀ ကျော်ပြီ။ ယခုအထိ ဤရောဂါက မပျောက်သေးပေ။ သည်ရောဂါက အဆန်း သားပင်။ မနက်မိုးလင်း အိပ်ရာမှ ထသည်နှင့် ဤရောဂါပိုးက ရှပိုးထိုးတော့သည်။ အစားအသောက် သတိမရ။ ခန္ဓာကိုယ်က ပိုးကြီးငြိမ် သွားရန် ကုစားမည့် သတင်းစာကို မျှော်နေမိတော့သည်။ အိမ်ရှေ့ဝရံ တာတွင် ထွက်ရပ်ကာ ကျွန်တော်၏ ရောဂါကို ကုစားပေးမည့် သတင်းစာပို့ သမားကို စောင့်မျှော်ရသည်။ မောင် မင်းကြီးသား လာပေပြီ။ စက်ဘီးကို လက်လွှတ်စီးပြီး ကျစ်ကျစ်ပါအောင် လိပ်ထားသည့် သတင်းစာကို လမ်း ဘေးဝဲယာမှ အိမ်များဆီသို့ ဘယ်ညာ ပစ်ပေါက်ပြီး အရောက်ပို့သွားပေပြီ။ အချိန်မှန်ပါသည်။ ကျွန်တော်ကသာ ရောဂါနှိုးဆွသဖြင့် ဆန္ဒစောပြီး မျှော်နေခြင်းဖြစ်သည်။

သတင်းစာလက်ထဲရောက်သည်နှင့် ရောဂါကို မေ့သွားပေပြီ။ ရောဂါအမှန် က သတင်းစာ ရောဂါပင်။ ကျွန်တော့် အဖို့ သတင်းစာလာမှ သတင်းရှာပြီး အာသာပြေသွားသည်။ ကျွန်တော် တရှိုက်မက်မက် ဖတ်ခဲ့သော သတင်းစာများမှာ မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ ဟံသာဝတီ၊ မိုးကြိုး၊ ဗိုလ်တထောင်၊ ကြေးမုံနှင့်လုပ်သားပြည်သူ့နေ့စဉ် သတင်းစာများပင်ဖြစ်သည်။ ထိုသတင်းစာများသည် သူ့ခေတ် သူ့အခါတွင် သူ့မှု သူ့ဟန်နှင့် အောင်လံတလူလူ လွှင့်ထူနိုင်ခဲ့ကြသော သတင်းစာများဖြစ်သည်။

သူ့ထက်ငါ လုယက်ကာသတင်းထူး၊ သတင်းဦးများ၊ လျှပ်တစ်ပြက် ဓာတ်ပုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးလက်သတင်းများ၊ ပညာပေး ဆောင်းပါးများ၊ ဝေဖန်အကြံပေး ဆောင်းပါးများ၊ ပြည်သူ့အကျိုးပြု ကာတွန်းများ၊ စာရေးဆရာကြီးများ၏ အကောင်းဆုံးလက်ရာ အခန်းဆက် ဝတ္ထုရှည်ကြီးများ သတင်းစာနှင့်မျက်နှာ မခွာချင်လောက်အောင် လက်ကမချချင်လောက်အောင် ဆွဲဆောင်ခြင်း၊ ဖမ်းစားခြင်း ကျွန်တော်ခံခဲ့ရသည်။

ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် ဤ အရသာ၊ ဤခံစားမှုများနှင့် ကင်းကွာခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ရှိပြီဟု ထင်သည်။ သည်မှာတင် ကျွန်တော်တို့အရွယ်တွင် စွဲကပ်လေ့ရှိသည့် သတင်းစာရောဂါ ပြန်ထလာပေပြီ။ နံနက်မိုးသောက် အလင်းရောက်သည်နှင့် မပျောက်သေးသော သတင်းစာပိုးက စိတ်ကို နှိုးဆွပေတော့သည်။ မျှော်သာ မျှော် တော်တော်နှင့် ပေါ်မလာပေ။ ရေဒီယိုသီချင်းကလေးတစ်ပုဒ်ကို သတိရမိပြန်သည်။ "မနက်လာမှာလားဆို၊ နေ့လယ်ရောက်မှာလားဆို၊ ညနေချိန်လာမှာလားလို့ ဗျာများနေစရာမလို" ဟူ၍ပင်။ ဗျာများနေစရာမလိုပေ။ ညနေပိုင်းမှ ရောက်ရှိခဲ့သည်။ သတင်းစာလက်တွင်းသို့ ရောက်ပြန်တော့လည်း သတင်းအာသာမပြေ။ သတင်းရှာရသည်မှာလည်း သိပ်မကြာ။ သတင်းစာ နောက်ဆုံး စာမျက်နှာမှ နာရေးကြော်ငြာကိုသာ အဓိကထားဖတ်ခဲ့ရသည်မှာ တော်တော်ကြာခဲ့ပြီဖြစ်သည်။ ကျွန်တော်ပြောချင်သည့်အကြောင်းရင်းက တစ်ဖက်စောင်းနင်းဖြစ်သွားပြီလားဟု မဆိုနိုင်ပေ။ ယခုမူ ကျွန်တော်၏ သတင်းစာရောဂါမှာ သက်သာပြီး သတင်းအာသာပြေသွားပေပြီ။ ကျွန်တော် စောင့်မျှော်ရကျိုးနပ်သွားပြီဆိုသည်ကို ပြောချင်သဖြင့် ဤကဲ့သို့ ရေးလိုက်ရခြင်းဖြစ်သည်။ တလောက နေပြည်တော်တွင် အစည်းအဝေးသွားတက်စဉ် ပျဉ်းမနားတွင်ရှိသော ကျွန်တော့်ညီဖြစ်သူ အိမ်သို့ ရောက်သွားခဲ့သည်။ ကျွန်တော်၏ ညီသည် စောစောစီးစီး အိမ်ရှေ့တွင် သတင်းစာဖတ်နေသည်ကို တအံ့တသြ တွေ့လိုက်ရသည်။ ကျွန်တော်က သတင်းစာကိုကြည့်ရင်း သတင်းစာ အစောကြီး ရောက်နေပါလားဟု ပြောသောအခါ ညီဖြစ်သူက သတင်းစာ စောစော ရောက်သည်ထက် သတင်းစာသည် ယခင်ကလိုမဟုတ်ကြောင်း၊ သတင်းစာတွင် ရောင်စုံသတင်းများ၊ ဆောင်းပါးများ၊ ကာတွန်းများအပြင် ဝတ္ထုများပင်ပါကြောင်း ပြောကြားသည်။ ဤသတင်းသည် မင်္ဂလာသတင်းပင်ဖြစ်သည်။ ခေတ်၊ စနစ်များ ပြောင်းသကဲ့သို့ သတင်းစာများလည်း ပြောင်းလဲကုန်ခြင်းဖြစ်သည်။ ထို့ထက် ပိုပြီးဝမ်းသာစရာကောင်းသည်မှာ ပြည်သူများ မျှော်လင့်စောင့်စားနေသည့် "လွတ်လပ်သော ပုဂ္ဂလိကပိုင် နေ့စဉ်ထုတ်သတင်းစာများ" ထုတ်ဝေခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့လို သတင်းစာရောဂါသမားများအတွက် တစ်ခေတ်တစ်ခါကကဲ့သို့ လွတ်လပ်သော နေ့စဉ်ထုတ် သတင်းစာများ တခမ်းတနားဖြင့် ထူးခြားဆန်းသစ် ပြည်သူချစ်သော သတင်းစာများအဖြစ် ပေါ်ထွက်လာမည့်လမ်းကို ပန်းကြဲပြီး တစ်ခဲနက်ကြိုဆိုလိုက်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ **(ပျဉ်းမနား မြင့်လှိုင်)**

ရန်ကုန်-မော်ကျွန်း သင်္ဘောခရီးစဉ် အန္တရာယ်ကင်းစေလို

ရန်ကုန် ဇန်နဝါရီ ၅

ရေလမ်းခရီးစဉ်တွင် တစ်ရက်လျှင် ငါးစင်း ပြေးဆွဲနေသော ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ရေယာဉ်အချို့ စည်းကမ်းမဲ့ တင်ဆောင်ပြေးဆွဲနေသဖြင့် ခရီးသွားများ အခက်အခဲများကြုံတွေ့ရမှ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရပြီး လမ်းခရီးတစ်ဝက်ရှိ မြို့ဆေးရုံသို့ တက်ရောက်ကုသနေရသည်ဟု မော်ကျွန်းမြို့မှ ဒေသခံများကဆိုသည်။

သင်္ဘောများတွင် ခရီးသည်များ သတ်မှတ်ဦးရေထက်ပိုမိုတင်နေကြောင်း၊ အထူးသဖြင့် ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီးများတွင် သင်္ဘောခေါင်မိုးပေါ်တွင်ပါ ခရီးသည်များကို နေရာချထားပေးနေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ယင်းသို့ နေရာချထားရာတွင် အဆိုပါ ခရီးသည်နှင့် သင်္ဘောမှ စက်ကိရိယာတို့ ထိခိုက်မှုဖြစ်ပွားပြီး ခရီးဆက်မသွားနိုင်ဘဲ လမ်းခရီးတွင် နေရစ်ခဲ့ရပြီး ဆေးရုံ တက်ရောက်ကာ ဆေးကုသမှုခံယူခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ရေကြောင်းသွား ခရီးသည်တင် သင်္ဘောတိုင်း သက်ဆိုင်ရာက တစ်နှစ်တစ်ကြိမ် ရေယာဉ်လိုင်စင်သက်တမ်းတိုးရာတွင် သင်္ဘောလွန်းတင်အစစ်ဆေးခံရရာ ရေလမ်းအခေါ်အဝေါ်အားဖြင့် တစ်ရေ ၁၄ ရက်ကြာမြင့်ပြီး သင်္ဘောကိုယ်ထည်မှ ပြုပြင်ရမည့် သံပြားများလဲလှယ်ရကြောင်း၊ပြုပြင်စရာမရှိသည့်တိုင် သင်္ဘောခရီးစဉ်တွင် ပြေးဆွဲမှုနှစ်ခေါက်ပျက်တတ်သော်လည်း ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် နှစ်ထပ်သင်္ဘောအချို့သည် နှစ်တိုင်းပြေးဆွဲမှု ပျက်ကွက်ခြင်းမရှိဘဲ ခေါက်ရေပြည့် ပြေးဆွဲနေကြသည်ဟု သိရှိရသည်။

ခရီးသည်တင် ရေယာဉ်တိုင်းတွင် သက်ဆိုင်ရာက အပေါ်ထပ်၊ အောက်ထပ် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊ ခရီးသွား ခုတ်မောင်းချိန် ၂၄ နာရီထက်မပိုသော ခရီးတို့နှင့် ၂၄ နာရီကျော်သော ခရီးရှည်တို့အတွက် အပေါ်ထပ်၊ အောက်ထပ်တင်ဆောင်ခွင့်ရှိသည့် ခရီးသည်အရေအတွက်တို့ကို သတ်မှတ်ပေးသည့် အမိန့်စာကို ခရီးသွားများ သိရှိရန် အကြီးချဲ့၍ ယခင်က ဖော်ပြလေ့ရှိသော်လည်း ပြည်တွင်းရေကြောင်း သင်္ဘောများ အပါအဝင် ခရီးသည်တင်သင်္ဘောအများစုတွင် ယခုအခါ ဖော်ပြမှုမရှိသဖြင့် ခရီးသွားများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယခင်ကကဲ့သို့ ပွင့်လင်းမြင်သာစွာ ချိတ်ဆွဲပေးရန်လိုကြောင်း ဒေသခံခရီးသည်များက ဆိုသည်။

မည်သည့်ရေယာဉ်မျှ သင်္ဘောခေါင်မိုးပေါ်တွင် ခရီးသည်စီးနင်းခွင့်မပြုသော်လည်း မြစ်ဝကျွန်းပေါ် ခရီးစဉ်များတွင် ခေါင်မိုးပေါ်၌ အမိုးမိုး ထိုင်ခုံနေရာချပြီး ခရီးသည်များ တင်ဆောင်ခြင်း၊ ဆိပ်ကမ်းမှ ထွက်ခွာချိန်မှစ၍ အပေါ်ထပ်ခေါင်မိုးများပေါ်တွင် ခရီးသည်များ တက်ရောက်ခွင့်ပြုခြင်းများကို ညနေတိုင်း ရန်ကုန်ဆိပ်ကမ်းများတွင် မြင်တွေ့နိုင်ရာ ရေကြောင်းစည်းကမ်းချက်များနှင့်အညီ စစ်ဆေးမှုများကို ထိရောက်စွာ ပြုလုပ်စေလိုကြောင်း ခရီးသွားများကဆိုသည်။ သို့မှသာ ရန်ကုန်မြို့တွင်း ခရီးသည်တင် အထူးကားများနည်းတူ ရေလမ်းခရီးတွင် အထူးရေယာဉ်များ သင်္ဘောခပိုယူပြီး ကုန်ပစ္စည်းများကို လူသွားလမ်းများတွင်ပါ အပြည့်တင်ပြီး စီးနင်းသူ ခရီးသည်မှန်သမျှ အပြည့်တင် သွားလာခြင်းများကို ၂၀၁၃ ခုနှစ်ဆန်းမှစ၍ ရန်ကုန်နှင့် နယ်ဆိပ်ကမ်းများမှ တာဝန်ရှိသူများ ခရီးသွားများအပေါ် စာနာစိတ်ဖြင့် တားဆီးပေးမှုများရှိသင့်ကြောင်း၊ လူစီးသီးသန့် ရှပ်ပြေးယာဉ်များတွင်လည်းခေါင်မိုးပေါ်တွင်ပစ္စည်းများနှင့်လူများတင်ဆောင်နေသည်ကို ရန်ကုန်ဆိပ်ကမ်း အဝင်အထွက်တွင် နေ့စဉ်မြင်တွေ့နိုင်သည်ဟု မော်ကျွန်းမြို့သားများက ဆိုသည်။ ထို့ကြောင့် ရန်ကုန်-မော်ကျွန်း ရေလမ်း ခရီးသွားပြည်သူများဘေးအန္တရာယ် ကင်းရှင်းစွာ ခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း ရေလမ်းသွား ခရီးသည်များ၏ အကျိုးကို ရည်မျှော်လျက်ရေးသား ဖော်ပြလိုက်ရပါသည်။ **(ခင်ဆိုင်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆောင်းပါးနှင့် နယ်သတင်း

ငါ့သရောက်မြို့နှင့်ညောင်ဦးမြို့ မြို့ချင်းဆက်လမ်း ကျောက်ချောလမ်း ဖြစ်စေချင်

မန္တလေး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီးငါ့သရောက်မြို့နှင့် ညောင်ဦးမြို့ကို ဆက်သွယ်သွားလာလျက်ရှိသောလမ်းမကြီးကို ကျောက်ချောလမ်းဖြစ်စေလိုကြောင်း သိရှိရသည်။

"ကျွန်တော်တို့ ငါ့သရောက်ကနေ ၁၃ မိုင်၊ ၁၄ မိုင်လောက်တော့ရှိမယ်။ အခုလို ဆောင်းရာသီရောက်လာပြီဆိုရင် ဆိုင်ကယ်လမ်းလည်း ပေါက်တယ်။ ကားလမ်းလည်းပေါက်တယ်။ ငါ့သရောက်မြို့ဆိုပေမယ့် မြို့အင်္ဂါရပ်နဲ့ သိပ်ညီညွတ်အောင် မကြိုးစားနိုင်သေးပါဘူး။ မြို့ဖြစ်တယ်ဆိုတော့ အဓိကလမ်းကောင်းဖို့ အရေးကြီးပါတယ်။ ငါ့သရောက်ရွာက မြို့တောင်းတော့ မြို့နယ်အဖြစ် မြို့နယ်ရုံးခွဲ တွေချပေးပါတယ်။ ရုံးဝန်ထမ်းပိုင်းဆိုင်ရာကိုလည်း မြို့နယ်တစ်ခုလိုပဲ နိုင်ငံတော်အစိုးရက ချပေးခဲ့ပါတယ်။ အဲဒီလိုချပေးခဲ့ပေမယ့် လမ်းပန်းဆက်သွယ်ရေး မကောင်းတော့ မြို့အင်္ဂါရပ်နဲ့ မညီညွတ်ဘဲရှိနေသေးတယ်။ လမ်းတော့ရှိတယ်။ ဆိုင်ကယ်စီးသွားမယ်၊ ကားစီးသွားမယ်ဆိုရင် ချောက်တွေ၊ ကျင်းတွေရှိနေတော့ ဆိုင်ကယ်မောင်းသူတွေ၊ ကားမောင်းသူတွေ သတိထားမောင်းရတယ်။ မြေလမ်းဆိုတော့လည်း ဖုန်ထတာပေါ့။ ကျောက်ချောလမ်းဆိုရင်တော့ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ သွားလို့ လွယ်ကူတာပေါ့။ ငါ့သရောက်မြို့မှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေကိုလည်း အားနာရပါတယ်။ လမ်းကမကောင်းတော့ သွားရေး၊ လာရေးမလွယ်ကူလို့ပါ"ဟု ငါ့သရောက်နှောတွင်းကျေးရွာမှ ဦးမြင့်ဆွေက ပြောကြားသည်။

"ညောင်ဦးနဲ့ ငါ့သရောက်ကားလမ်းဟာ မိုးတွင်းအခါ မိုးရွာနေရင် သွားရေးလာရေး အလွန်ခက်ခဲပါတယ်။ ဒါပေမယ့် တောင်သာမြို့နဲ့တော့ ကျောက်ခင်းလမ်းပေါက်နေပါပြီ။ အရေးကြီးတာက ညောင်ဦးမြို့နဲ့ ပိုပြီး အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညောင်ဦးမြို့နယ်ကနေ ခွဲထွက်ရတဲ့ မြို့နယ်ဖြစ်တဲ့အတွက်ကြောင့်ပါ။ အခုအစိုးရလက်ထက်မှာတော့ ဒီလမ်းတွေကိုလည်း ကောင်းအောင်ပြုပြင်ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ဒေသခံများအတွက် ပိုအဆင်ပြေဝမ်းသာကြမှာပါ" ဟု ငါ့သရောက် ဆည်ရွာမှ ဒေသခံ ဦးသန်းထွန်းက ပြောကြားသည်။ ထို့ကြောင့် ငါ့သရောက်မြို့နှင့် ညောင်ဦးမြို့ မြို့ချင်းဆက်လမ်း ကောင်းမွန်အောင် ပြုပြင်ပေးမည်ဆိုလျှင် ဒေသခံအားလုံး အဆင်ပြေမည်ဖြစ်ကြောင်း ဒေသအကျိုးအတွက် ရေးသားတင်ပြလိုက်ရပါသည်။ **(၁၆၉)**

လမ်းမတော် (၅) ရပ်ကွက်၌ နိဗ္ဗာန်ဈေးတည်ခင်း

ရန်ကုန် ဇန်နဝါရီ ၅

(၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၅ ရပ်ကွက် ၁၁ လမ်းတွင် ဇန်နဝါရီ ၄ ရက် တစ်နေ့လုံး လမ်းမိသားစုများက ပညာရည်ချွန်ဆုရသော ကျောင်းသား ကျောင်းသူများအား ဆုပေးခြင်း၊ လမ်းသူလမ်းသားများက နံနက်ထမင်းဟင်း၊ မုန့်ဟင်းခါး အပါအဝင် စားသောက်ဖွယ်ရာများ၊ သစ်သီးများဖြင့် နိဗ္ဗာန်ဈေး တည်ခင်းကျွေးမွေးခြင်း၊ လမ်းအတွင်း ရင်သွေးငယ်များ အားကစားနည်းမျိုးစုံယှဉ်ပြိုင်စေပြီး ဆုပေးခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း၊ မည်သူမဆို နိဗ္ဗာန်ဈေးသို့ လာရောက်သုံးဆောင်စေခဲ့ကြောင်း သိရသည်။ **(ခင်ဆိုင်)**

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို လားရှိုးအကျဉ်းထောင်တွင် ဇန်နဝါရီ ၄ ရက်က ကျင်းပစဉ်။
(နေမျိုးနွယ်)

အမှားပြင်ဆင်ချက်

မြန်မာ့အလင်းသတင်းစာတွင် ၁၄-၁၂-၂၀၁၂ရက်(သောကြာနေ့)အချပ်ပို(ဂ)၌ ကြော်ငြာထားသော ကန့်ကွက်ရန်ကြော်ငြာမှ မြေကွက်အမှတ်အား (၁၁၉/ခ)သို့ ပြင်ဆင်ဖတ်ရှုပါရန် အမှားပြင်ဆင်ချက်အား အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် ၉၈၊ ဧရိယာ ၀ ဒသမ ၀၈၁၈ဧကရှိ ဦးအောင်ဆန်းဝင်းပါ-၁၂ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးအောင်ဆန်းဝင်း (GP ရသူ) ၉/တကန (နိုင်)၁၁၃၇၉၁(ဘ)ဦးသိန်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက္ကူစက်ရုံခွဲ(ပလိပ်)အား ပေါင်းစပ်ဆောင်ရွက်ရန်
ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံခွဲ(ပလိပ်)နှင့် ပေါင်းစပ်ဆောင်ရွက်လိုသူလုပ်ငန်းရှင်များအား ၁၄-၁-၂၀၁၃ရက်နောက်ဆုံးထားရှိပြီးဆက်သွယ်ရန်ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၈၃၊ ၀၆၇-၄၀၈၃၇၅၊ ၀၉-၂၀၀၀၂၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တည်နေရာ - မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ၊ မန္တလေး-ပလိပ်-တံတားဦးလမ်းဘေး၊ ပလိပ်မှ(၂)မိုင် အကွာတွင် တည်ရှိပါသည်။

အကျယ်အဝန်း - ၁၀၁ ဒသမ ၆၁ ဧက

ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)နှင့်
မော်လမြိုင်အမှတ်(၄)အရက်ချက်စက်ရုံခွဲတို့အားငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)နှင့်မော်လမြိုင်အမှတ်(၄)အရက်ချက်စက်ရုံခွဲတို့ကို ငှားရမ်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၃ရက် (ကြာသပတေးနေ့) (ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

ဒဂုံတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်မည့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၈-၁-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်သင်တန်းရေးရာတွင် စုံစမ်းနိုင်ပါသည်။ **ဓာတ်ပုံရိုက်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဒဂုံတက္ကသိုလ်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်မြင့်အောင်လမ်း၊ အမှတ်(၈၂၇/ခ)၊ မြေကွက်အကျယ်အဝန်းပေ (၂၀×၆၀)နှင့် ၎င်းပေါ်ရှိ တိုက်ခံအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင် ဒေါ်စန်းစန်းဌေး ၁၂/တမန(နိုင်)၀၁၂၇၈၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်သဖြင့် ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်စာရွက်စာတမ်းများပြသ၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိကို	**ဦးဇော်ဇော်ဟန်**
LL.B, C.B.L, D.I.L	**LL.B,D.B.L, D.I.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၄)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၄၀)**
ဖုန်း-၀၉-၄၂၂၂၀၅၃၉၁	**ဖုန်း-၀၉-၄၃၀၆၄၄၉၀**

ကြော်ငြာ

အလက(၂)ရန်ကင်း(စိန့်ဖေးဗီးယား)

၁၉၆၇-၈၀

သတ္တမအကြိမ်အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ရက် - ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)

နေရာ - အလက(၂)ရန်ကင်း တေဇခန်းမ

အချိန် - နံနက် (၉) နာရီ

မကြာမီလာတော့မယ့် မိန်ဒေါ်ဇ်မှ ဘာသာစာတွေ အတွက် သင် ပြင်ဆင်နေပြီလား ? EDUMAP ရှိတယ်

English Knowledge Thinking

EDUMAP Language Centre 095191046

တိုက်(၁)၊အခန်း(၁၈)ပထပ်၊လှည်းတန်းလမ်းဆုံအနီး။ ☎ 505965

ဦးဇော်လင်း

(B.A) Korean (YUFL)၏

ဟာနွေးလ်ကိုရီးယား ဘာသာသင်တန်း

စိန်ဂေဟာကုန်တိုက်ရှေ့ လှည်းတန်းလမ်းဆုံ

Ph : 09 400475420, 09 47113848

GTC

First Year (EC)

Second Year (EC)

ရန်ကုန်နည်းပညာတက္ကသိုလ်မှ B.E (Electronics) ဘွဲ့ရ ဆရာ၊ ဆရာမများ ကိုယ်တိုင် သင်ကြားပေးပါမည်။

Sample Questions နှင့် မေးခွန်းဟောင်းများကိုလည်း စနစ်တကျ လေ့ကျင့်ပေးပါမည်။

DELTA Electronics

01-519496, 09-421135727

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းများနှင့် ကွန်ကရစ်ဇလီဖားစက်ရုံများတွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ၊ မီးထိုးဆီ(ဖားပေါင်းဆီ)များအား စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနများမှ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်နှင့် စက်ရုံများသို့ လစဉ်သယ်ယူလိုပါသဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ပေးသွင်း နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် - ၁၁. ၁. ၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၇. ၁. ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291985,291994.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(မြောက်)ရပ်ကွက်၊ ငုဝါလမ်း၊ တိုက်အမှတ်(၂၀၀/ဘီ)၊ပထမထပ်(ဝဲဘက်အခန်း)၊(၁၂½'×၄၅')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင်ဆက်စပ်တွယ်ကပ်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမျိုးသက်(၁၂/ဝခမ(နိုင်)၀၁၂၈၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမြင့်(မင်းတုန်း)(စဉ်-၁၃၁၅/၁၉၇၂)	ဦးမျိုးညွန့် (စဉ်-၅၁၄၂)
BA(Law),LL.B	LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဦးယဉ်မင်းထက်(စဉ်-၂၉၈၃၂)	ဒေါ်ဆွေဇင်သော် (စဉ်-၂၆၀၃၈)
LL.B,C.B.L,B.A.(Business-Law)	LL.B,LL.M,M.Res,Ph.D(Thesis)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

" စိုင်းခွန်နောင် " (အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉ ၅၁၇၇၉၅၃၊ ၀၉ ၇၃၀၂၉၆၉၆၊ ၀၉ ၇၃၁၀၄၂၀၀၊

(သီတဂူဓမ္မပူဇာသဘင်)ကျင်းပမည့်ပွဲရက် ပြောင်းလဲသတ်မှတ်ခြင်း

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဇောခိလမ်းမကြီး၌ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဟောကြားမည့်တရားပွဲကို ၁၀-၁-၂၀၁၃ ရက် (ကြာသပတေးနေ့)အစား ၉-၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)သို့ ပြောင်းလဲပြီးသတ်မှတ်ထားပါ၍ ၉-၁-၂၀၁၃ရက် ည ၇ နာရီတွင် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ အသိပေးဖိတ်ကြားအပ်ပါသည်-

တရားပွဲကျင်းပရေးအဖွဲ့

ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းပစ္စည်းများအား မြစ်ကြီးနား(ရန်ကြီးအောင်မီးစက်ဝင်း)မှ ၁၃၂ကေဗွီ ဗန်းမော်ခွဲရုံသို့ ရေယာဉ်ဖြင့်သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၃ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၁-၂၀၁၃ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းလွဲ ၂:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ပစ္စည်းစီမံရေးဌာန

ရုံးအမှတ် ၂၇၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈ ၊ပဲမိုကုန်း၊ မြေကွက်အမှတ်-၈၈၊ ဧရိယာ(၉.၀၀၁၆)ကေအနက်မှ တရားဝင်မခွဲမစိတ် ရသေးသော အလျား× အနံ(၄၅'× ၁၄၅')ပေရှိ မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအမှတ်-၁၆၅၊ အောင်သစ္စာလမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့၍ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ခင်သန်းတင်(၁၂/အစန(နိုင်)၀၇၈၇၇၆)ထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစောတာကပေါ်(LLB.,D.B.L.,D.M.L)

တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)

တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၇၃၁၁၇၅၄၈၊ ၆၄၂၇၈၈

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ငန်းသုံးယာဉ်များဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးယာဉ်များကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က) Vehicle (2) Items

